ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (8-2-2004) (၄၁၄၀)

ဒါန၌
တော်၊ မင်္ဂလ မုတ္တမံ။

ပေးကမ်းလှူဒါန်းခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက်များအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး၏ စိတ်သန္တာန်၌ ကိန်းဝပ်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးသော စိတ်ဓာတ်တို့ကို ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးကြွခိုင်စေလျက် ယနေ့နိုင်ငံတော်က ရေးရှုကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသော အမျိုးသားရေးမူဝါဒနှင့် ဦးတည်ချက်များ အောင်မြင်ရေးကို ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နှစ်(၅၀)ပြည့် ရွှေရတုပြည်ထောင်စုနေ့သဝဏ်လွှာမှ–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမတွင် စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီးတစ်ရပ်လုံး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ဆောင်ရွက်နေ
နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စည်းလုံးညီညွတ်စွာလုပ်ကိုင်
နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ခုနစ်ရပ်အောင်မြင်ရေး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၇

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၄ ရက် နံနက် စနာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာခရိုင်နှင့် မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့မိမြို့ဖများ၊ သူနာပြုသင်တန်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

65 1 2/8/04, 2:21 AM

ကြေးမုံ The Mirror
၈-၂-၂၀၀၄
(တနင်္ဂနွေနေ့)

နိုင်ငံတော် တည်ဆောက်ရေးလိုအပ်ချက်များ ဖြည့်ဆည်း ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီပြီးစီးရေးကြိုးပမ်း

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ နိုင်ငံတော်က လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် မြစ်၊ ချောင်း များစွာရှိသဖြင့် ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် တည်ဆောက်နိုင်သည့် ရေအရင်းအမြစ်များ ပြည့်စုံသည်ကို တွေ့ရသည်။ ပဏာမ လေ့လာတိုင်းတာမှုများအရ ရေအားလျှပ်စစ်ဓာတ်အား ပမာဏမဂ္ဂါဝပ် ၃၉၀၀၀ ကျော် ထုတ်ယူနိုင်သည့် အလားအလာရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် တတိယကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၀၀၀ ကျော် ထပ်မံထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ဒေသအသီးသီးတွင် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ချင်းတွင်းမြစ်ဝှမ်း၌လည်း ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး စူးစမ်းလေ့လာတိုင်းတာမှုများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက်နေ့က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက စီမံကိန်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာတွင် **ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးသည်နှင့် အမျှ နိုင်ငံတော်အတွက်၊ ပြည်သူများအတွက် အကျိုးသက်ရောက်မှု မြန်မြန်ရရှိမှာဖြစ်ကြောင်း၊ ထို့ကြောင့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းအတွက် လိုအပ်သည့် အသေးစိတ်လေ့လာတိုင်းတာမှုများကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း သေချာသည့် အင်ဂျင်နီယာလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို မုံရွာမြို့မြောက်ဘက်မိုင် ၂၀ခန့်အကွာ ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်၏ ရွှေစာရေးမြစ်ကျဉ်း၌ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ အဆိုပါစီမံကိန်း၏ ပဏာမတိုင်းတာမှုများအရ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ကျော် ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းအတွင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်နေရာ ၂၁ ခုရှိပြီး စီမံကိန်းများပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၂၄၀၀ခန့် ထုတ်ယူရရှိနိုင်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းနေရာ ၂၁ ခုအနက် ကလေးမြို့နယ်မှ ဇီးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ လဟယ်မြို့နယ်မှ လဟယ်ရေအားလျှပ်စစ်စီမံကိန်း၊ ကျွန်းလှမြို့နယ်မှ သဖန်းဆိပ်ရေအားလျှပ်စစ်စီမံကိန်းတို့မှာ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၆၀၀ကျော်ရရှိနိုင်မည့်အပြင် ချင်းတွင်းမြစ်ဝှမ်းအတွင်းရှိ စိုက်ပျိုးနိုင်သော မြေဧက နှစ်သန်းခန့်အနက် ၂၅ ရာခိုင်နှုန်းခန့်ကို တစ်နှစ်ပတ်လုံး ရေပေးဝေနိုင်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့က ပူးပေါင်းတည်ဆောက်သွားကြမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် အဓိကလိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ အပြည့်အဝ ရရှိစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီ ပြီးစီးစေရေးအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✪ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး။
- ✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် – ၈-၂-၂၀၀၄ မှ ၁၆-၂-၂၀၀၄

အချိန် – နံနက် (၀၉း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

(မည်သူမဆို အခမဲ့လာရောက်လေ့လာကြည့်ရှုနိုင်ပါသည်။)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ် မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
(၈-၂-၂၀၀၄)ရက်
နှင့်
(၂၉-၂-၂၀၀၄)ရက်

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

မြန်မာ့ချစ်သူ

☆ မြန်မာကို ချစ်တဲ့သူ
ဘယ်သူတွေပါလဲ။
မြန်မာပြည် အတွင်းမှာတဲ့
မှီတင်း နေထိုင်လို့
ဆယ့်လေးခိုင် ပြည်နယ်တိုင်းဆီက
ရိုင်းပင်းအား တည်ထောင်ပြုပါတဲ့
တိုင်းရင်းသား ညီနောင်ထုဟာဖြင့်
မိသားစု မေတ္တာစစ်ဖြင့်
ချစ်ကြသူပဲ။
☆ မြန်မာကို စောင့်ရှောက်သူ
ဘယ်သူတွေပါလဲ။
လာမထိလေနဲ့
ဇာတိမြေ မပျက်ရေးကိုဖြင့်
အသက်ပေးမည့် အခိုင်အမာပေါ့
ဆိုင်လာလျှင် ရန်အပေါင်းကိုလဲ
ထောင်းထောင်းကျေ မြူနှယ်လွင့်စေဖို့
ရဲရင့်အလံ ထင်ရှားစွာနဲ့
စွဲနှင့်မာန် ခြသေ့်အလားပါကွဲ့
ပြည့်သားမွန် ဇာနည်စစ်တဲ့
မျိုးချစ်တို့ပဲ။
☆ မြန်မာရဲ့ အားကိုးရာ
ဘယ်သူတွေပါလဲ။
သူ့ဆန်ကို ကိုယ်မစား
သူ့ခြံအား ကိုယ်မကျော်
သူ့မြေပေါ် ကိုယ်မအိပ်လေဘု
ကိုယ့်အိမ်ရိပ် တမင်လာ၍
ဖောက်ဖျက်ကာ မကျော်ကျူးလေနှင့်
လက်ဦးအောင် မျိုးချစ်သွေးရယ်နဲ့
အရေးကြုံ သက်လုံကောင်းစွာကွဲ့
မြန်မာကို မြန်မာအပေါင်းရယ်က
ကောင်းချီးဝေ မျိုးမာန်နှိုးလို့
အားကိုးကြမြဲ။ ။

မြင်းမှူမောင်နိုင်မိုး

လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆောင်ရွက်မှု ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဒုတိယဝန်ကြီး ဦးမောင်အောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ငွေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ ညနေ၆နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိ၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် e-Passport ဖြင့် ဝင်ရောက်/ထွက်ခွာသူများအား ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးခြင်း၊ နိုင်ငံခြားသား ပြည်ပခရီးသည်များ ဝင်ရောက်/ထွက်ခွာရာတွင် လျင်မြန်စေရေးအတွက် ကောင်တာများတိုးချဲ့၍ ဝန်ထမ်းအင်အားဖြည့်တင်းပြီး လက်တွေ့ဆောင်ရွက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ပြည်ပခရီးသည်များ ဆိုက်ရောက်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာစက်မှုဇုန်ခန်းမ၌ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

● **ရေ့ဖုံးမှ** ရှေ့ဖုံးမှ

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်း၏ အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချနိုင်မှု၊ မြေရိုင်းဖော်ထုတ်စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးနိုင်မှုနှင့် အထွက်နှုန်းများ၊ ဒေသဆန်နှင့် စားသုံးဆီဖူလုံပိုလျှံမှုရှိသည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နိုင်မှုများ၊ လျှပ်စစ်၊ သတ္တု၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၊ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးဆိုင်ရာများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်မှုများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သဘာဝအရင်းအမြစ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးတန်ဖိုးပမာဏ၌ အချိုးအစားအားဖြင့် ၉ဒသမ ၄ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိပြီး သဘာဝအရင်းအမြစ်များဖြစ်သည့် သစ်တော၊သတ္တုနှင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်သည့် ရေအရင်းအမြစ်များစွာ ရှိကြောင်း၊ မြေသယံဇာတလည်း ပေါကြွယ်ဝကြောင်း။

ထို့ကြောင့် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအရေးပါသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း၊ တိုင်းအတွင်းတည်ရှိနေသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးကို ပိုမိုအထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

စည်းကမ်းပြည့်ဝသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းထူထောင်လျက်ရှိရာ၌ အခြေခံအားဖြင့် လိုအပ်သော ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုခိုင်မာအောင် စောင့်ရှောက်ထိန်းသိမ်းကြရမှာဖြစ်ကြောင်း။

ထို့ပြင် ပြည်သူများအနေဖြင့် စားဝတ်နေရေးအတွက် ပူပင်သောကဖြစ်မနေရဘဲ အေးအေးချမ်းချမ်း လုပ်ကိုင်နိုင်သည့် စီးပွားရေးအခြေအနေကောင်းများ ဖြစ်ပေါ်နေရန်လည်း လိုအပ်ကြောင်း။

ပညာအခြေခံ

တစ်ချိန်တည်းမှာပင် အမှန်–အမှား၊ အကောင်း–အဆိုးတို့ကို ခွဲခြားသုံးသပ်နိုင်သည့် ပညာအခြေခံရှိရန်လည်း လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်များ ပြည့်စုံအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးအခြေအနေ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာစနစ် ထူထောင်ရေးတို့ကို လုပ်ကိုင်ဖော်ဆောင်ရင်း စက်မှုနိုင်ငံဖြစ်အောင် ထူထောင်သွားရမှာဖြစ်ကြောင်း။

စက်အင်အားအသုံးချ

လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးထားသဖြင့် နှစ်သီး၊သုံးသီး စသည်ဖြင့် သီးထပ်များ စိုက်ပျိုးလာကြရာ စိုက်ပျိုးထုတ်လုပ်မှုစရိတ် ကျဆင်းရေး၊ မြန်မြန်စိုက်ပြီး မြန်မြန်ရိတ်သိမ်းနိုင်ရေးတို့အတွက် စက်အင်အားကို အသုံးချရမှာဖြစ်ကြောင်း။

သီးနှံစိုက်ပျိုးရာ၌ သမားရိုးကျစိုက်ပျိုးနေသည့် စနစ်များအစား အတန်းလိုက်အစေ့ချခြင်း၊ ကြဲ၍စိုက်ခြင်းတို့ကို စနစ်တကျ ကျင့်သုံးနိုင်ပါက စိုက်စရိတ်များစွာ သက်သာသွားနိုင်ကြောင်း၊ ထို့ကြောင့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ယန္တရားဖြင့် ပြုလုပ်သကဲ့သို့ စိုက်နည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးလာအောင် အောက်ခြေလုပ်ငန်းခွင်အထိ ကွင်းဆင်းတိုက်တွန်းသွားရန် လိုကြောင်း။

ယခင်က ကောက်စိုက်ပြိုင်ပွဲများပြုလုပ်သကဲ့သို့ အတန်းလိုက် အစေ့ချစိုက်သည့်ပြိုင်ပွဲ၊ ကြဲစိုက်ပြိုင်ပွဲများ ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ အလားတူပင် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက် အသုံးပြုမှုအပေါ် စိုက်စရိတ် မည်မျှသက်သာသည်ဆိုသည့် ပြိုင်ပွဲများကိုလည်း တီထွင်ကြံဆပြုလုပ်သင့်ကြောင်း။

စစ်ကိုင်းတိုင်း၏ ရေမြေအခြေအနေအရ အတန်းလိုက် အစေ့ချခြင်း၊ ကြဲခြင်းနည်းလမ်းတို့ဖြင့် သီးနှံစိုက်ပျိုး၍ ပိုမိုအောင်မြင်နိုင်ကြောင်း၊ သို့မှသာ လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်ဖြစ်ထွန်းလာမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ၁၉၉၂–၉၃ခုနှစ်က စတင်၍ ကာလတို စီမံကိန်းများချမှတ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏စီးပွားရေးတွင် စစ်ကိုင်းတိုင်းက ပါဝင်နေသည့် အချိုးအစားများ၊ စစ်ကိုင်းတိုင်း ဆက်လက်တိုးတက်ဖွံ့ဖြိုးရေးအတွက် ပိုမိုအားထုတ် ဆောင်ရွက်သင့်သည့် ကဏ္ဍဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဓိကသီးနှံ ၁၀ မျိုး

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က စစ်ကိုင်းတိုင်းသည် နိုင်ငံတော်၏ အဓိကသီးနှံ ၁၀မျိုးလုံး စိုက်ပျိုးဖြစ်ထွန်းသည့်တိုင်းဖြစ်ကြောင်း၊ အဓိကသီးနှံ ၁၀မျိုးကို ဆက်လက်တိုးမြှင့် စိုက်ပျိုးသွားရန်ဖြစ်သကဲ့သို့ ဂျုတ်၊ အာလူး၊ ကြက်သွန် စသည့် စားဖိုဆောင်သီးနှံများကိုလည်း စစ်ကိုင်းတိုင်းအနေဖြင့် အောင်အောင်မြင်မြင် စိုက်ပျိုးဖြစ်ထွန်းရန် ကြိုးပမ်းပေးစေလိုကြောင်း ပြောကြားပြီး နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ လယ်ယာသုံး စက်ကိရိယာများ တိုးမြှင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ချင်းတွင်းမြစ်သည် အထောက်အကူပြုနေသည့် မြစ်ကြောင်းတစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း ချင်းတွင်းမြစ်ကို အခြေပြု၍ စစ်ကိုင်းတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်ရန်၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် ရွှေစာရေးကျေးရွာအနီး ချင်းတွင်းမြစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းကို စက်ယန္တရားကြီးများဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (အပေါ်ပုံနှင့်အောက်ပုံများ) (သတင်းဖော်ပြပြီး) (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း မုံရွာစက်မှုဇုန် ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✪ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ စားရေးအတွက် ပူပန်ကြောင့်ကြခြင်း မရှိရအောင် လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု တိုးတက်ရေးကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အတွက် ထပ်မံလိုအပ်သည်မှာ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ တိုးမြှင့်ရရှိရေးအတွက် မိမိတို့၏ သဘာဝအရင်းအမြစ်များကို ကိုယ့်အားကိုယ်ကိုး၍ ကြိုးပမ်းထုတ်လုပ်နေသကဲ့သို့ ပြည်ပနိုင်ငံများနှင့်လည်း အကျိုးတူ ပူးပေါင်းထုတ်လုပ်လျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းအတွင်းတွင် ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မည့် စီမံကိန်းများ အများအပြားရှိကြောင်း၊ ယင်းစီမံကိန်းများအနက် မဂ္ဂါဝပ် ၆၀၀ကျော် ထုတ်ယူရရှိမည့် မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းနေရာကို မိမိသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်ရန် မှာကြားခဲ့ပြီးလည်းဖြစ်ကြောင်း။

ထမံသီရေအားလျှပ်စစ်

စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းအရ ဆောင်ရွက်မည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် ထမံသီရေအားလျှပ်စစ် စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀၀ကျော် ထုတ်ယူနိုင်မည့် စီမံကိန်းကြီးဖြစ်ကြောင်း၊ ယင်းစီမံကိန်းကိုလည်း အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းစီမံလျက်ရှိကြောင်း။

နိုင်ငံတော်၌ လက်ရှိ အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းများအနက် မဂ္ဂါဝပ် ၂၈၀ ရရှိမည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ ၇၅မဂ္ဂါဝပ် ရရှိမည့် မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၁၂၀ရရှိမည့် တီကျစ် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းတို့မှာ မကြာမီကာလအတွင်း ပြီးစီးမည့် စီမံကိန်းများဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့် နမ့်ခမ်းမြို့နယ်တွင် ရွှေလီရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကွက်လပ်မကျန်

မိမိတို့အနေဖြင့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ၌ ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ဒေသအားလုံး ကွက်လပ်မကျန် မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ ပညာရေး၊ကျန်းမာရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည့် နယ်စပ်ဒေသများအတွက်လည်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ နယ်စပ်ဒေသမြို့များသည် ပြည်မရှိ မြို့ကြီးပြကြီးကဲ့သို့ပင် ဖွံ့ဖြိုးစည်ပင်လာလျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းနေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အနှစ်သာရ

ဤကဲ့သို့ စီမံကိန်းကြီးသုံးမျိုးဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်း၏ အနှစ်သာရမှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးအတွက်ပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်သည် ရှေးပဝေသဏီကတည်းကပင် ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာပြီး နိုင်ငံတော်၏ နေရာဒေသအနှံ့ အတူတကွရောနှော၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိကြကြောင်း။

စစ်ကိုင်းတိုင်းကိုကြည့်လျှင် လူဦးရေ ၅၇သိန်းကျော်ရှိပြီး ဗမာ၊ ရှမ်း၊ ချင်း၊ နာဂ၊ ကဒူး၊ ကနန်း၊လူရှိုင်း စသည်ဖြင့် တိုင်းရင်းသားလူမျိုးစု ၅၀ကျော်သည် တစည်းတလုံးတည်း အတူတကွ ရောနှောနေထိုင်လျက်ရှိကြရာ စစ်ကိုင်းတိုင်းသည် ပြည်ထောင်စုလေးသဖွယ် ဖြစ်တည်နေကြောင်း။

ချစ်ချစ်ခင်ခင်

အလားတူပင် အခြားပြည်နယ်၊တိုင်းများ၌လည်း စစ်ကိုင်းတိုင်းကဲ့သို့ပင် ပြည်ထောင်စုလေးများသဖွယ် တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမများသည် အတူတကွ ချစ်ချစ်ခင်ခင် ရောနှောနေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့် ပြည်နယ်၊တိုင်း ၁၄ခုဖြင့်တည်ရှိသော မိမိတို့ပြည်ထောင်စုနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အရင်းခံ၍ စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း။

တိုင်းရင်းသားလူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၊တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်ရမှာဖြစ်ကြောင်း၊ ပြည်နယ်၊တိုင်းများ ဖွံ့ဖြိုးတိုးတက်ရန်မှာ ခရိုင်၊မြို့နယ်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း။

ထို့ကြောင့် တာဝန်ရှိသူအဆင့်ဆင့်သည် ကျေးလက်ဒေသအောက်ခြေရောက်အောင် ကွင်းဆင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် မိမိရောက်ရှိတာဝန်ကျရာ ဒေသများကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်မှန်ကန်စွာ ချိန်ဆဆောင်ရွက်နိုင်ရေးအတွက် ဌာနအလိုက်၊ ဒေသအလိုက်၊ စာရင်းဇယား မှန်ကန်ပြည့်စုံရေးကိုလည်း အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့ပြင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ခုနစ်ရပ်ကိုလည်း ချမှတ်ထားပြီးဖြစ်ရာ ယင်းလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မုံရွာစက်မှုဇုန်

ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်သို့ ရောက်ရှိကြပြီး စက်မှုဇုန်ခန်းမ၌ မုံရွာစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဝင်များ၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ၁၉၉၂ခုနှစ်ကစတင်၍ မုံရွာစက်မှုဇုန်ကို ထူထောင်ခဲ့မှု၊ စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးခဲ့မှု၊ စက်မှုဇုန်အတွင်း လမ်းကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းများအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် ထရပ်ကားနှင့် ဘတ်စ်ကားထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန် အရှိန်အဟုန်ဖြင့် တိုးတက်လာရေးအတွက် ပံ့ပိုးဖြည့်ဆည်းပေးနေမှုများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ လုပ်သားများ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေရေးအတွက် စက်မှုဇုန်တွင် ဘာသာရပ်အလိုက် သင်တန်းများဖွင့်လှစ်ပေးခဲ့မှုများ၊ အခြားစက်မှုဇုန်များနှင့် စက်ရုံ၊အလုပ်ရုံများသို့ လေ့လာရေးသွားရောက်စေခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ဖော်က မုံရွာစက်မှုဇုန်ရှိ လုပ်ငန်းများနှင့် တိုးတက်အောင်မြင်မှုရရှိနေသည့် စက်မှုဇုန်၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စက်မှုနိုင်ငံ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ရာ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် ကြိုးစားပြီး စက်မှုနိုင်ငံအဖြစ် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာတွင် နိုင်ငံတော်၊ ပုဂ္ဂလိကနှင့် စက်မှုဇုန်သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စက်မှုဇုန်များသည် နိုင်ငံတော်၏ ပံ့ပိုးမှုကြောင့်လည်းကောင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

တီထွင်ထုတ်လုပ်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးမှုကုန်ကျစရိတ်ကျဆင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်း မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို လူ့လုပ်အားအစား စက်ဖြင့် အစားထိုးဆောင်ရွက်နိုင်အောင် လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို စက်မှုဇုန်များက အရည်အသွေးမီမီ လုံလုံလောက်လောက် တီထွင်ထုတ်လုပ်သွားရန်လိုကြောင်း။

စိုက်ပျိုးရာ၌မူ လူ့လုပ်အား အနည်းဆုံးအသုံးပြုရသော အတန်းလိုက် အစေ့ချစိုက်နည်း၊ ကြဲ၍ စိုက်နည်းတို့ကို အစားထိုး၍ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးစိုက်ပျိုးလုပ်ကိုင်ရမှာဖြစ်ကြောင်း။

စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်မှာလည်း လိုအပ်ချက်တစ်ရပ်ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်း ကျွမ်းကျင်တတ်မြောက်သူများ ပေါ်များလာအောင် အားထုတ်ကြိုးပမ်းသွားရမှာဖြစ်ကြောင်း။

ယခုအခါ စက်ဇုန်များအနေဖြင့် တိုးတက်မှုအရှိန် စတင်ရနေချိန်၌ မလိုအပ်သော ငွေကြေးဖြုန်းတီးမှုများကို သတိပြုရှောင်ရှားပြီး စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၌သာ ဦးစားပေး ရင်းနှီးဆောင်ရွက်ရန် အရေးကြီးကြောင်း။

တိုင်းပြည်၌ ကြီးပွားအောင်မြင်နေသော လုပ်ငန်းရှင်အများအပြား လိုအပ်လျက်ရှိသဖြင့် လုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အလေးထားကြစေလိုကြောင်းဖြင့် မှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီစဉ်ပြသထားသည့် စက်မှုဇုန် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြရာ ရှေးဦးစွာ အဆင့်မြင့် စပါးခြွေလှေ့စက်၊ယာထွန်စက်၊စပါးကြိတ်ခွဲစက်၊ သီးနှံမျိုးစုံ ခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ချင်းတွင်းစတား မော်တော်ယာဉ်အမျိုးမျိုး၊ ၁၀ တန်ကုန်တင်ယာဉ် စမ်းသပ်တည်ဆောက်ထားမှု၊ ရေယာဉ်ပန်ကာများ၊ ဖြန်းစုပ်စက်များ၊ ရေပန့်များ၊ မြက်ရိတ်စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သစ်အချောထည်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ချည်ထည်များ၊ စားသောက်ကုန်များ၊ တိုင်းရင်းဆေးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အားပေးသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြမည့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မြန်မာ့မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ လေကြောင်းခရီးဖြင့် လည်းကောင်း ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိလာကြသည်။

ထိုသို့ရောက်ရှိလာရာတွင် ကချင်ပြည်နယ်မှ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များ၊မန္တလေးတိုင်းမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်များသည် နံနက်ပိုင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့မှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် မွန်းလွဲပိုင်းတွင်လည်းကောင်း မြန်မာ့မီးရထားဖြင့် အသီးသီး ဆက်လက်ရောက်ရှိလာကြရာ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ် မျိုးမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်ဘူတာကြီးတွင် ကြိုဆိုကြပြီး အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ပို့ဆောင်ပေးကြသည်။

အလားတူ မကွေးတိုင်းမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် ယနေ့ နံနက် ၅နာရီ ၁၅မိနစ်တွင် လည်းကောင်း၊ ဧရာဝတီတိုင်းမှ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ကိုယ်စားလှယ်များသည် မွန်းလွဲ ၁နာရီခွဲတွင်လည်းကောင်း မော်တော်ယာဉ်များဖြင့် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ရောက်ရှိကြရာ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးကြသည်။

ထို့အတူ ချင်းပြည်နယ်မှ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ကိုယ်စားလှယ်တို့ ပါဝင်သော ချင်းပြည်နယ် ယဉ်ကျေးမှုအဖွဲ့သည် ယနေ့နံနက် ၁၁နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုကြပြီး သက်ဆိုင်ရာ တည်းခိုဆောင်များသို့ ပို့ဆောင်ပေးကြသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၄ ရက်က ဗြိတိန်နိုင်ငံလန်ဒန်မြို့ ဝန်ကြီးချုပ်ရုံး အပြင်ဘက်တွင် လော့ဒ်ဟက်တန် အစီရင်ခံစာ ကော်ပီတစ်စောင်ကို မီးရှို့၍ ဝန်ကြီးချုပ်တိုနီဘလဲကို ဆန့်ကျင်ဆန္ဒပြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘုရှ်လက်အောက်မှ အမေရိကန်ပြည်ထောင်စု တစ်ကမ္ဘာလုံးအတွက် အန္တရာယ်ရှိဟု ဆိုရော့စ်ပြောကြား

ဘာလင် ဖေဖော်ဝါရီ ၆

သမ္မတဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်လက်အောက်မှ အမေရိကန်ပြည်ထောင်စုသည် တစ်ကမ္ဘာလုံးအတွက် အန္တရာယ်ဖြစ်လျက်ရှိပြီး ဘုရှ်၏သမ္မတ ပြိုင်ဘက်လောင်းများဖြစ်သည့် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်းများအတွက် မိမိငွေကြေးအကုန်ကျခံသုံးစွဲမည်ဟု ကုဋေကြွယ်သူဌေးကြီး ဂျော့ဂျ်ဆိုရော့စ် ကဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဘုရှ်၏ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီမှ အမတ်လောင်းများအတွက် ဆိုရော့စ်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅သန်း ပေးလှူပြီးခဲ့ပြီးဖြစ်ကြောင်း ဂျာမနီနိုင်ငံမှ စတုန်းမဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားခဲ့သည်။

လိုလား

ဘုရှ်အစိုးရသည် ကမ္ဘာတစ်ဝန်းကို ၎င်းတို့ဆန္ဒရှိရာအတိုင်း ဖွတ်လုပ်ရန် လိုလားလျက်ရှိကြကြောင်း ဆိုရော့စ်က ပြောကြားသည်။

သက်ဆင်းခဲ့

အမေရိကန်ပြည်ထောင်စု အစိုးရအဖွဲ့သည် နိုင်ငံရေး အစွန်းရောက်များ၏ လက်တွင်းသို့ သက်ဆင်းခဲ့ရပြီဖြစ်ပြီး အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာကြီးအတွက် ဘေးအန္တရာယ်တစ်ရပ်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စိုးရိမ်မိ

ဆိုရော့စ်က နာဇီကွန်မြူနစ်များနှင့် ဟန်ဂေရီနိုင်ငံရှိ အာဏာရှင်စနစ်အောက်တွင် နေထိုင်ခဲ့ပြီးဖြစ်ရာ ဘုရှ်အစိုးရသည် အမေရိကန် ပြည်ထောင်စုအား မကောင်းဆိုးဝါးသည့် နိုင်ငံအဖြစ် ဦးတည်လျှောက်လှမ်းသွားစေမည်ကို စိုးရိမ်မိကြောင်း ပြောကြားသည်။

မိမိအနေဖြင့် သမ္မတဘုရှ်အား နာဇီများနှင့် နှိုင်းယှဉ်ပြောကြားနေခြင်း မဟုတ်ကြောင်း၊ သို့ရာတွင် မိမိကမည်သည့်အချိန်ကမှ တွေးတောမြော်မြင်ခြင်းမရှိခဲ့သည့် ဖြစ်ရပ်များ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားနေပြီး ပွင့်လင်းသည့် အမေရိကန်လူ့အဖွဲ့အစည်းမှာ ဘေးအန္တရာယ် နက်နက်ရှိုင်းရှိုင်း သက်ရောက်နေပြီဖြစ်ကြောင်း ဆိုရော့စ်က ပြောကြားသည်။

မိမိအနေဖြင့် ဘုရှ်အစိုးရ၏ ၂၀၀၁ ခုနှစ်စက်တင်ဘာ၁၁ရက်က တိုက်ခိုက်မှုအပေါ် အမြတ်ထုတ် အသုံးချမှုကို ကြောက်ရွံ့ကြောင်း ဆိုရော့စ်က ပြောကြားသည်။

ကြိုးပမ်းလျက်ရှိ

အကြမ်းဖက်သမားများ၏ ကြောက်မက်ဖွယ်လုပ်ရပ်က ကမ္ဘာကြီးအား ပြောင်းလဲစေသည်ဟု မကြာခဏ ပြောကြားကြောင်း၊ ယင်းမှာမှားယွင်းကြောင်း၊ သမ္မတဘုရှ်အစိုးရက ယင်းအကြမ်းဖက်မှုအား ပြန်လည်တုံ့ပြန်ခဲ့သည့် နည်းလမ်းကသာ ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့ကြောင်း၊ယင်းနည်းလမ်းဖြင့် ဘုရှ်အစိုးရက အမြတ်ထုတ်အသုံးချနေကြောင်း၊ ယင်းနည်းလမ်းဖြင့်ပြည်သူ့အခွင့်အရေးများကို လျှော့ချလျက်ရှိကာ ကမ္ဘာတစ်ခွင်စိုးမိုးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းစာသည်ဖြင့် ဆိုရော့စ်က ထပ်လောင်းပြောကြားသွားသည်။ ***အမ်အင်အေးရိုက်တာ။***

ဘီဘီစီဝန်ထမ်းများ ထောင်နှင့်ချီ၍ ဆန္ဒပြကြမည်

လန်ဒန် ဖေဖော်ဝါရီ ၆

အီရတ်စစ်ပွဲ မတိုင်မီက အစိုးရရန်ပုံငွေ ထောက်ပံ့ထည့်ဝင်ထားသည့် ဘီဘီစီအသံလွှင့်ဌာန၏ သတင်းပေးပို့ချက်ကို ပယ်ပယ်နယ်နယ် ဝေဖန်ပြစ်တင်ထားသော ဟက်တန်စုံစမ်းရေးအဖွဲ့ အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက် စာနယ်ဇင်းလွတ်လပ်မှုကို ခြိမ်းခြောက်သည်ဟုဆိုကာ ထောင်နှင့်ချီသောဘီဘီစီဝန်ထမ်းများက ဆန့်ကျင်ဆန္ဒပြကြမည်ဟု ဆိုသည်။ ဗြိတိန်စာနယ်ဇင်းသမဂ္ဂ၏ မေတ္တာရပ်ခံချက် ထွက်ပေါ်လာပြီးနောက်ပိုင်း အသံလွှင့်ကြေညာသူများ၏ လွတ်လပ်မှုကို ကာကွယ်ရေးအတွက် ဗြိတိန်နိုင်ငံ အနှံ့အပြားရှိ ဘီဘီစီရုံးများရှေ့တွင် ဆန္ဒပြကြမည်ဟု တွက်ဆထားကြသည်။

ဟက်တန်စုံစမ်းရေးအဖွဲ့ အစီရင်ခံစာသည် စာနယ်ဇင်းလောကကို အမှန်တကယ်စိုးရိမ်ဖွယ်ဖြစ်စေခဲ့ကြောင်း ဗြိတိန်စာနယ်ဇင်းသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ်ဂျာရီမီဒီယာက ပြောကြားခဲ့သည်။ ***အင်တာနက်။***

ပိတ်ပင်လက်နက်များ အီရတ်နိုင်ငံတွင် မတွေ့ရှိခဲ့ ဗြိတိသျှပါလီမန်၌ ဆွေးနွေးရာတွင် တိုနီဘလဲဝန်ခံပြောဆို

လန်ဒန် ဖေဖော်ဝါရီ ၆

အီရတ်နိုင်ငံသို့ စစ်ပွဲဆင်နွှဲခြင်းအတွက် တရားမျှတမှု ရှိကြောင်း အကြောင်းပြရန် အသုံးချခဲ့သည့် ပိတ်ပင်တားမြစ်ထားသော လက်နက်များကို ကျွမ်းကျင်သူများက ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိကြောင်း ပါလီမန်၌ အရေးအတင်ဆွေးနွေးရာတွင် ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက ထုတ်ဖော်ဝန်ခံလိုက်သည်။

အမိန့်ထုတ်

လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များ ထုတ်လုပ်ရန် အီရတ်နိုင်ငံ၏ အစီအစဉ်နှင့်ပတ်သက်၍ စစ်ပွဲမတိုင်မီက ထောက်လှမ်းရေးသတင်းများကို စုံစမ်းစစ်ဆေးရန် အမိန့်ထုတ်ပြီး နောက်တစ်ရက်အကြာတွင် ဗြိတိန်အောက်လွှတ်တော်၌ အီရတ်နိုင်ငံအား အမေရိကန်ပြည်ထောင်စုနှင့်အတူ စစ်ပွဲဆင်နွှဲရန် ဆုံးဖြတ်ချက်ချမှတ်မှုကို ဘလဲက ခုခံပြောကြားရာတွင် ယင်းကဲ့သို့ ဝန်ခံလိုက်ခြင်းဖြစ်သည်။

ရှာမတွေ့ခဲ့

မိမိနှင့် ဒေးဗစ်ကေအပါအဝင် ကျွမ်းကျင်သူ အများအပြားက မျှော်လင့်ထားသည့် ပိတ်ပင်လက်နက်များကို ရှာမတွေ့ခဲ့ကြောင်းကို လက်ခံပါကြောင်း ၎င်းက ပြောကြားသည်။ ကေသည် အဆိုပါ လေ့လာရေးအုပ်စု၏ အကြီးအကဲဟောင်းဖြစ်သည်။

ခေတ္တရပ်ဆိုင်း

ပါလီမန်အဆောက်အအုံပြင်ပတွင် ဘလဲကို ဦးတည်၍ စစ်ဆန့်ကျင်ရေးဆန္ဒပြသမားများ၏ ဟစ်အော်မှုကြောင့် အောက်လွှတ်တော်၌ အရေးအတင်ဆွေးနွေးမှုများကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။

အင်တာနက်။

စစ်ဆေး

ဖေဖော်ဝါရီ ၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ စစ်ဆေးရေးစခန်း၌ အီရတ်များကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဘီးလ်မြို့ ဗုံးပေါက်ကွဲမှုများ၌ သေဆုံးသူ ၁၀၉ ဦးရှိပြီ

အာဘီးလ်(အီရတ်)
ဖေဖော်ဝါရီ ၆

တနင်္ဂနွေနေ့က ကာ့ဒ်နိုင်ငံရေးပါတီနှစ်ခု၏ ဌာနချုပ်အဆောက်အအုံများကို တစ်ရက်တည်းတွင် ရှေ့ဆင့်နောက်ဆင့် အသေခံဗုံးခွဲတိုက်ခိုက်မှုများ၏ နောက်ဆက်တွဲဖြစ်ရပ်အနေဖြင့် အဆိုပါဗုံးခွဲ တိုက်ခိုက်မှုကြောင့်ဒဏ်ရာရသူများအနက် နောက်ထပ်သေဆုံးမှုများရှိနေသည်။ ယခုအချိန်အထိ အဆိုပါ ဗုံးပေါက်ကွဲမှုနှစ်ခုကြောင့် သေဆုံးသူ ၁၀၉ဦး ရှိသွားပြီဖြစ်သည်။

အခင်းဖြစ်ပွားရာ အာလီးလ်တွင် စခန်းချထားသော အမေရိကန် တပ်ရင်းတစ်ခုမှ တပ်ရင်းမှူးတစ်ယောက်သည် ဗုံးပေါက်ကွဲမှုမဖြစ်မီ တစ်မိနစ်ခန့်က အခင်းဖြစ်ပွားရာပါတီရုံးတစ်ခုမှ ထွက်ခွာသွားခဲ့သည်ဟု ဆို၏။

အဆိုပါတပ်ရင်းမှူးက မိမိအပြင်ဘက်သို့ထွက်လာစဉ်မိမိနှင့်လုပ်ဖော်ကိုင်ဖက်တစ်ဦးတို့သည်ရုံးအဆောက်အအုံအတွင်းသို့ ဝင်လာသည့်အခြားအရာရှိတစ်ဦးနှင့် စကားစမြည် ပြောဆိုရန် ခေတ္တရပ်ဆိုင်းနေခဲ့ကြကြောင်း၊ ဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်အခါတွင် အဆိုပါရုံးတွင်းသို့ ဝင်သွားခဲ့သော အရာရှိမှာ ဒဏ်ရာအနည်းအကျဉ်း ရရှိကြောင်း ပြောကြားသည်။ *အင်တာနက်။*

အီရတ်၌ ပစ်ခတ်မှုဖြစ်ပွား၍ ဒဏ်ရာရခဲ့သည့် စပိန် စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဂါစီယာသေဆုံး

မဒရစ် ဖေဖော်ဝါရီ ၆

လွန်ခဲ့သည့်လက အီရတ်နိုင်ငံတွင် ဖြစ်ပွားသည့် ပစ်ခတ်တိုက်ခိုက်မှုတွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီးနောက် သတိမေ့မြောခဲ့သော စပိန်စစ်ဘက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဂွန်ဇာလိုပီရက်စ်ဂါစီယာသည် ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

စပိန်မြို့ပြအစောင့်တပ်ဖွဲ့မှ တပ်မှူးဂါစီယာသေဆုံးမှုကြောင့် လွန်ခဲ့သည့် ဩဂုတ်လ နောက်ပိုင်း အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော စပိန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၁ ဦးရှိသွားပြီ ဖြစ်သည်။ အီရတ်နိုင်ငံတောင်ပိုင်းတွင် အီရတ်ခုခံတွန်းလှန်သူများက ဇန်နဝါရီ ၂၂ ရက်က အရဏ်မတက်မီ စီးနင်းဝင်ရောက်တိုက်ခိုက်ရာတွင် ဂါစီယာမှာ ဦးခေါင်းကို သေနတ်ထိမှန်ခံခဲ့ရသည်။

ယင်းသို့ ထိမှန်ခံရပြီးနောက် သတိမေ့မြောခဲ့သည့်အတွက် ဇန်နဝါရီ ၂၃ရက်တွင် ၎င်းအား စပိန်နိုင်ငံသို့ ပြန်လည်ခေါ်လာခဲ့သည်။ ၎င်းသည် မဒရစ်စစ်ဆေးရုံ၌ ဗုဒ္ဓဟူးနေ့ ည ၉နာရီမထိုးမီကလေးတွင် သေဆုံးခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ အသက် ၄၂နှစ်အရွယ် ဂါစီယာသည် အီရတ်ရှိ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀အတွက် လုံခြုံရေးအကြံပေးပုဂ္ဂိုလ်ဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

ကြေးမုံ The Mirror
အီရတ်စစ်ပွဲ မှတ်တမ်းများ

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတို့၏ ရဟတ်ယာဉ်များ ပစ်ချခံရမှု

အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများနှင့် နေ့စဉ်ပင် ရင်ဆိုင်ကြုံတွေ့နေရပြီး တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းထန်လာသော အခြေအနေသို့ ရောက်ရှိနေသည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် ယခုအခါ ခေတ်မီလက်နက်များကို ပိုမိုသုံးစွဲလာကြသဖြင့် အမေရိကန်နှင့် အပေါင်းပါတို့၏ ရဟတ်ယာဉ် ပစ်ချခံရသည့်ဖြစ်စဉ်များ မကြာခဏပေါ်ပေါက်လျက်ရှိသည်။

ခေတ်မီဆန်းပြားသော လက်နက်များ တပ်ဆင်ထားသည့် အမေရိကန်တို့၏ စစ်ရဟတ်ယာဉ်များသည် အီရတ် ခုခံတိုက်ခိုက်ရေးသမားများ၏ ပစ်ချခြင်းကို ခံနေရသည်။

အီရတ်တွင် အမေရိကန်နှင့်အပေါင်းပါတို့၏ ရဟတ်ယာဉ်များပစ်ချခံရမှု ဖြစ်စဉ်များ

ရက်စွဲ	နေရာ	ရဟတ်ယာဉ်အမျိုးအစား	သေဆုံးသူဦးရေ	
			အမေရိကန်	ဗြိတိသျှ
၂၀-၃-၂၀၀၃	ကူဝိတ်နယ်စပ်	ဆီးနိုက်	၄	၈
၂၃-၃-၂၀၀၃	॥	အပါချီ	–	–
၉-၅-၂၀၀၃	ဆာမာရာမြို့အနီး	ဘလက်ဟော့ခ်	၃	–
၁၉-၅-၂၀၀၃	ဟီလာမြို့	ဆီးနိုက်	၄	–
၁၂-၆-၂၀၀၃	အီရတ်အနောက်ပိုင်း	အပါချီ	–	–
၂၅-၁၀-၂၀၀၃	အီရတ်မြောက်ပိုင်း	ဘလက်ဟော့ခ်	–	–
၂-၁၁-၂၀၀၃	ဖော်လူဂျာမြို့အနီး	ချင်နွတ်	၁၆	–
၇-၁၁-၂၀၀၃	တီကရစ်မြို့အနီး	ဘလက်ဟော့ခ်	၄	–
၁၅-၁၁-၂၀၀၃	မိုဆူးလ်မြို့မြောက်ပိုင်း	ဘလက်ဟော့ခ်	၁၇	–
၉-၁၂-၂၀၀၃	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	–	–
၁၀-၁၂-၂၀၀၃	မိုဆူးလ်မြို့အနီး	အပါချီ	–	–
၂-၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ကီအိုဝါ	၁	–
၈-၁-၂၀၀၄	ဖော်လူဂျာမြို့အနီး	ဘလက်ဟော့ခ်	၉	–
၂၃-၁-၂၀၀၄	ကာယာရာမြို့အနီး	ကီအိုဝါ	၂	–
၂၅-၁-၂၀၀၄	မိုဆူးလ်မြို့	ကီအိုဝါ	၂	–
	စုစုပေါင်း	**ရဟတ်ယာဉ် ၁၅စင်း**	**၆၂**	**၈**

ဒလက်မဲ့ အမေရိကန် ရဟတ်ယာဉ်

၂၀၀၄ခုနှစ် ဇန်နဝါရီ ၈ရက်က ဖော်လူဂျာမြို့အနီး၌ အီရတ် ခုခံတိုက်ခိုက်ရေး သမားများ၏ ပစ်ချခြင်း ခံခဲ့ရသော ဒလက်မဲ့ အမေရိကန် ရဟတ်ယာဉ်ကို တွေ့ရစဉ်။



၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၅ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းတွင် အမေရိကန်ကြည်းတပ်မှ ဘလက်ဟော့ခ်အမျိုးအစား စစ်ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် အပျက်အစီး အပိုင်းအစများကို သယ်ယူနေစဉ်။

၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၅ရက်က မိုဆူးလ်မြို့အနီး၌ အမေရိကန် ရဟတ်ယာဉ်တစ်စင်း ပစ်ချခံရပြီးနောက် ၎င်းရဟတ်ယာဉ်ပျက်ကို လိုက်လံရှာဖွေနေစဉ်။



၂၀၀၃ခုနှစ် နိုဝင်ဘာ ၂ရက်က ဖော်လူဂျာမြို့အနီးတွင် ချင်နွတ် ရဟတ်ယာဉ် ပစ်ချခံရမှု အခြေအနေပြပုံကို တွေ့ရစဉ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်

မကွေးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
စိုက်ပျိုးရေး		
ဆည်ရေသောက်စိုက်ဧက	၁၈၀၀၀၀	၂၄၀၀၀၀
စပါးစိုက်ဧက	၃၀၀၀၀၀	၆၀၀၀၀၀
ဆည်တမံ	၆	၃၁
မြစ်ရေတင်	–	၃
လမ်းပန်းဆက်သွယ်ရေး		
ကတ္တရာလမ်းမိုင်	၅၅၃	၉၆၅
ကျောက်ချောလမ်းမိုင်	၁၁၉	၁၆၁
မြေသားလမ်းမိုင်	၂၀၇	၂၃၆
ပေ ၁၀၀အထက်တံတား	၂၃	၄၂
ပေ ၁၀၀အောက်တံတား	၃၂၆	၄၁၇
လေယာဉ်ကွင်း	၁	၄
စက်မှုဇုန်	–	၂
လျှပ်စစ်ဓာတ်အား		
ဒီဇယ်၊ သဘာဝဓာတ်ငွေ့	–	၃၈
ဆက်သွယ်ရေး		
စာတိုက်	၁၃၃	၁၄၈
ကြေးနန်းရုံး	၃၀	၃၄
တယ်လီဖုန်းအိတ်ချိန်း	၁၅	၆၈
အော်တိုတယ်လီဖုန်း	၂၂၂၅	၁၄၆၈၀
ဂြိုဟ်တုဆက်သွယ်ရေး	–	၁
မိုက်ခရိုဝေ့ဗ်	–	၂၇

မကွေးမြို့ရှိ မကွေးဆေးတက္ကသိုလ် အဆောက်အအုံသစ်ကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။



မကွေးတိုင်းအောင်လံမြို့နယ်မှ ဘွက်ကြီးရေလှောင်တမံသည် စိုက်ပျိုးမြေ ဧရိယာဧက ၁၀၀၀၀ကို အကျိုးပြုလျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ	၁၉၈၈	၂၀၀၄
ပြန်ကြားရေး		
မြန်မာ့အလင်း/ ကြေးမုံ ကိုယ်ပွားသတင်းစာတိုက်(မကွေး)	–	၁
ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	၁	၃
ပြန်/ဆက်ရုံး	–	၂၈
စာကြည့်တိုက်	၁	၃၃
ပညာရေး		
အထက်တန်းကျောင်း	၅၃	၇၀
အလယ်တန်းကျောင်း	၁၄၈	၁၈၄
မူလတန်းကျောင်း	၃၁၈၅	၃၆၁၁
တက္ကသိုလ်	–	၄
ကောလိပ်	၃	၇
သိပ္ပံ	၁	၃
ကျန်းမာရေး		
ဆေးရုံ	၂၄	၂၆
တိုက်နယ်ဆေးရုံ	၂၉	၃၇
ကျေးလက်ကျန်းမာရေးဌာန	၁၁၄	၁၁၉
ကျေးလက်ကျန်းမာရေးဌာနခွဲ	၅၈၈	၆၀၈
သင်ကြားရေးဆေးရုံ	–	၁

ဧရာဝတီတံတား(မကွေး)

ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ မင်းဘူးမြို့နှင့် မကွေးမြို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီတံတား(မကွေး)။

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

မကွေးတိုင်း မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ရှေးနှစ်ပေါင်း ပဝေသဏီကစပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ချစ်ကြည်စွာ အတူယှဉ်တွဲ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စုပေါင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးနှယ်ပေါင်း ၁၀၀ ကျော်ရှိသည်။ ဤတိုင်းရင်းသား လူမျိုးများသည် တစ်မျိုးတစ်နွယ်တည်းဖြစ်သည့်အလျောက် မျိုးရိုးဗီဇ၊ အတွေးအခေါ် အယူအဆ၊ စိတ်ဓာတ်ရေးရာနှင့် ယဉ်ကျေးမှု ဓလေ့စရိုက်များသည် အခြေခံအားဖြင့် တူညီကြသည်။ ထို့ကြောင့်လည်း ဘယ်သူခွဲခွဲဒို့မကွဲ အမြဲ စည်းလုံးမည် ဆိုသည့် မိသားစုစိတ်ဓာတ်သည် ခိုင်မြဲလျက်ရှိသည်။

ထို့ပြင် အေးပယောဂများကို မိသားစုစိတ်ဓာတ် တစ်နည်းအားဖြင့် ပြောရသော် ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ဖယ်ရှားပြီး တိုင်းရင်းသား ညီအစ်ကို သွေးချင်းများအကြား သွေးကပေးသည့် အမွေအနှစ်ဖြစ်သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်ခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၁ခုနှစ် မတ်လ ၂၇ရက်နေ့ (၅၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုသွေးချင်းများအကြား ထားရှိသင့် ထားရှိအပ်သည့် သဘောထားကို အလေးအနက် ထည့်သွင်းပြောကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"သမိုင်းမတင်မီခေတ်ကတည်းက ဒို့နိုင်ငံမှာ တိုင်းရင်းသားအားလုံးဟာ အတူတကွ အခြေချ နေထိုင်ခဲ့ကြသူတွေ ဖြစ်တယ်။ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ကြရင်းက တစ်နိုင်ငံလုံး နေရာဒေသတိုင်းမှာ တိုင်းရင်းသားအားလုံးဟာ အတူတကွ ချစ်ခင်စည်းလုံးစွာ စုပေါင်းနေထိုင်ကြတဲ့ နိုင်ငံဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးဟာ နိုင်ငံတော်ဒေသအတွင်း ဒေသတိုင်း ဒေသတိုင်း၊ နေရာတိုင်းနေရာတိုင်းမှာ တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ကြတာ ဖြစ်တဲ့အတွက် တစ်ဗိုလ်တစ်မင်း၊ တစ်တောတစ်ဖ ဝါဒဆိုတဲ့ စိတ်ဓာတ်ကိုရှောင်ရှားပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးနဲ့ တစ်ခုတည်းသော အမိမြေ၊ အမိနိုင်ငံတော်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားလျက် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ခြင်း၊ နိုင်ငံတော်ကို စုပေါင်းကာကွယ်စောင့်ရှောက်ခြင်းဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားဖို့ လိုအပ်ပါတယ်။ ဒို့အချင်းချင်းအကြားမှာ ပြဿနာ ဖြေရှင်းတဲ့အခါမှာလည်း ပဋိပက္ခ ထိပ်တိုက်ရင်ဆိုင် ဖြေရှင်းမှုတွေဟာ ပြဿနာပြေလည်ရေးထက် အခြေအနေကို ပိုပြီးခက်ခဲစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒို့အချင်းချင်းဟာ သဟဇာတဖြစ်ရေးဆိုတဲ့မှုကို အခြေခံပြီး ဆောင်ရွက်လျက်ရှိတယ်"ဟု အတိအလင်း ပြောကြားခဲ့သည်။

ဤသဘောထား ခံယူချက်နှင့်အညီ တိုင်းရင်းသား ပြည်သူများအကြား အမြင်လွဲမှား စိတ်ဝမ်းကွဲပြားမှုများ အပြီးတိုင် ကွယ်ပျောက်ပြီး တည်ငြိမ်အေးချမ်းမှု အစဉ်ထာဝရ ဖြစ်ထွန်းနေရန်၊ သံသယကင်းစင်ပြီး မိမိဒေသနှင့် မိမိဒေသခံ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အာရုံစူးစိုက် ဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်နိုင်ရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အခိုင်အမာ တည်ဆောက်ရေးကို နိုင်ငံတော်က အထူးအလေးပေး ဆောင်ရွက်ခဲ့သည်။

ဤအချက်ကိုလည်း အားလုံးသိရှိပြီး ဖြစ်ပေသည်။

ဤသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာ ၁၉၈၉ ခုနှစ် မေလမှ စတင်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည်။ လုပ်ငန်းကော်မတီအောက်တွင် ဆပ်ကော်မတီ ၁၈ရပ်၊ ဒေသကော်မတီ ၁၁ရပ်ကို အသီးသီးဖွဲ့စည်းကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးပေး ဆောင်ရွက်နေသည်။

ထို့ပြင် လုပ်ငန်းအရပ်ရပ်ကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့က ၂၄-၉-၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအတွက် နယ်မြေတည်ငြိမ်အေးချမ်းသာယာမှုအပေါ် မူတည်ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်ပေးလျက်ရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အလွန်အားရစရာကောင်းသည်။

လုပ်ငန်းအမည်များကို ဖော်ပြရသော် လမ်းပန်းနှင့် သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စွမ်းအင်ရရှိရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေ တူးဖော်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ သမဝါယမ၊ အိမ်ရာဆောက်လုပ်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ နယ်စပ်ဒေသ မူးယစ်ဆေးဝါးချုပ်ငြိမ်းရေး၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုး ရေးကျောင်းနှင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်လာသည့် ဒေသခံ အဖွဲ့အစည်းများ၏ "ဥစ္စာရင်လိုဥစ္စာရင်ခဲ" ပူးပေါင်းဆောင်ရွက်မှုမှာလည်း အလွန်အားရစရာ ကောင်းလှသည်။

နိုင်ငံတော်အစိုးရ၏ စေတနာအရင်းခံဖြင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို ကိုယ်တိုင် အကျိုးခံစားလာကြရသော ဒေသများမှ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ကာ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး မိမိတို့နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိသည်။



ဖွံ့ဖြိုးတိုးတက်နေသည့် ကချင်ပြည်နယ် နယ်စပ်ဒေသ ပန်ဝါမြို့ရှုခင်း။

အမှတ် ၅၄/၉၂ ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ဖွဲ့စည်းပေးခဲ့သည်။

ထို့ပြင် အစိုးရအဖွဲ့က ၃၀-၁-၉၄ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၅/၉၄ ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မူလဝန်ကြီးဌာနကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းခဲ့သည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော ဒေသအကျယ်အဝန်းကိုလည်း ဖော်ပြလိုပါသည်။ ဤလုပ်ငန်းများအတွက် အကျုံးဝင်သောဒေသမှာ ပြည်နယ်ခုနစ်ခုနှင့် တိုင်းနှစ်ခုရှိ ဒေသ ၁၈ခုဖြစ်ပြီး အကျယ်အဝန်းအားဖြင့် ခန့်မှန်း ၇၄၉၀၅ စတုရန်းမိုင်ရှိသည်။ ဤဒေသများတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ ၅ ဒသမ ၀၆ သန်းကျော် ရှိသည်။

ဒေသအသီးသီးရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းဆပ်ကော်မတီ ၁၈ခုအနေဖြင့် နယ်စပ်ဒေသအသီးသီးရှိ

ယခုအခါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် အဖွဲ့အစည်းနှင့် လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သော အဖွဲ့အစည်းပေါင်း ၁၇ဖွဲ့ ရှိပြီဖြစ်သည်။

ဤနေရာတွင် မှတ်တမ်းတင်ဖော်ပြလိုပါသည်။ ယင်းတို့မှာ–

အမှတ်စဉ်	အထူးဒေသအဖွဲ့အစည်းအမည်	ရက်စွဲ
၁။	ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၁)	၃၁-၃-၈၉
၂။	ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၂)	၉-၅-၈၉
၃။	ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၃)	၂၄-၉-၈၉
၄။	ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ(၄)	၃၀-၆-၈၉
၅။	ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၅)	၁၁-၁-၉၁
၆။	ရှမ်းပြည်နယ်တောင်ပိုင်းအထူးဒေသ(၆)	၁၈-၂-၉၁
၇။	ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၇)	၂၁-၄-၉၁

၈။ ကချင်ပြ
၉။ ကချင်ပြ
၁၀။ ကယား
၁၁။ ကယား
၁၂။ ကယား
၁၃။ ရှမ်းပြည
ပြည်သူ့
၁၄။ ကရင်နီ
၁၅။ မွန်ပြည်
၁၆။ ရှမ်းပြည
၁၇။ ဗကပ
တို့ဖြစ်ပါသည်။

နိုင်ငံတော်အ
စည်းလုံးညီညွတ်
ဟူသော ဒို့တာဝ
တိုင်းရင်းသားလူ
ဆောင်ရွက်နေခြ

ထို့ကြောင့်
တိုးတက်ရေးတည်
ကို စတင်အကော
သည် ငွေကြေးအ
လုပ်ငန်းများ စ
၂၅ ရက်မှ ၂၀၀
ပမာဏမှာ ကျပ်

ဤနေရာတ
တိုးတက်ရေးလုပ်
များကိုလည်း ဖေ
ယင်းတို့မှာ–

(က) **ပြ**
ညီ
နေ
တို
ဆ

(ခ) **တို**
ထို



...းတိုးတက်မှုများ

လှထွန်း(တွံတေး)

ပြည်နယ်အထူးဒေသ(၁)	၁၅-၁၂-၈၉
ပြည်နယ်အထူးဒေသ(၂)	၂၄-၂-၉၄
းပြည်နယ်အထူးဒေသ(၁)	၂၇-၂-၉၂
းပြည်နယ်အထူးဒေသ(၂)	၉-၅-၉၄
းပြည်နယ်အထူးဒေသ(၃)	၂၆-၇-၉၄
ယ်လူမျိုးပေါင်းစုံ	၉-၁၀-၉၄
.လွတ်မြောက်ရေးအဖွဲ့	
အမျိုးသားတိုးတက်ရေးပါတီ	၂၁-၃-၉၅
ဉ်သစ်ပါတီ	၂၉-၆-၉၅
ယ်တပ်မတော်	၅-၁-၉၆
(ရခိုင်ပြည်နယ်)အဖွဲ့	၆-၄-၉၇

အစိုးရသည် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ာန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နယ်စပ်ဒေသနှင့် မျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးပေး င်း ဖြစ်သည်။

လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ည်းဟူသော အလွန်မွန်မြတ်မှန်ကန်သည့် လုပ်ငန်းစဉ်ကြီး ာင်အထည်ဖော်သည်မှ ယနေ့အထိ နိုင်ငံတော်အစိုးရ အမြောက်အမြား အကုန်အကျခံ သုံးစွဲလျက်ရှိသည်။ တင်အကောင်အထည်ဖော်သည့် ၁၉၈၉ခုနှစ် မေလ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ သုံးစွဲပြီး ငွေကြေး ငွေသန်း ၅၀၂၄၅ ဒသမ ၇၅ သန်းဖြစ်သည်။ ွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး ငန်းများ ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက် ဖော်ပြလိုပါသည်။ အဓိကရည်ရွယ်ချက် ငါးချက်ရှိရာ

ည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ ရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်း ဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်၊

(ဂ) **တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မြဲစေရန်၊**

(ဃ) **စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ် ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်၊**

(င) **နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်** တို့ဖြစ်သည်။

နယ်စပ်ဒေသများကား လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဝေးလံ သီခေါင်သော အရပ်တွင် ရှိမှုတို့ကြောင့် လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၄၀ကျော်အထိ အဘက်ဘက်မှ ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။ ဒေသ တည်ငြိမ်အေးချမ်းမှု မရှိသဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ မည်မည်ရရ မဆောင်ရွက်နိုင်ခဲ့ချေ။ ဆောင်ရွက်ခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းမှု မရှိ၊ အရာမထင်ဖြစ်ခဲ့ရသည်။ အိတ်ပေါက်နှင့် ဖားကောက်သကဲ့သို့ ဖြစ်သည်။

ယခုမူ ထိုသို့မဟုတ်တော့ချေ။ ဒေသတည်ငြိမ်အေးချမ်းမှုကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် လာနိုင်ခဲ့သည်။ တည်ငြိမ်အေးချမ်းလေလေ ဒေသဖွံ့ဖြိုးတိုးတက်လေလေ ဖြစ်သည်။ အပြန်အလှန်အားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လေလေ နယ်မြေ တည်ငြိမ်အေးချမ်းလေလေ ဖြစ်ပေမည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိက ရည်ရွယ်ချက်တစ်ခုဖြစ်သော မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်း စေရန်ဟူသော အချက်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော် နိုင်လျက်ရှိသည်။ ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေဖြစ်သော ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းသည် တိုင်းရင်းသားတို့၏ အဓိကဝင်ငွေရ လုပ်ငန်း ဖြစ်ခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့၏ အကြံအစည်ကား အလွန်ယုတ်မာ ပက်စက်သည်။ လူမျိုးအညွန့်တုံးစေရန်၊ တက်ကြွမှု၊ လန်းဆန်းမှု ဆုတ်ယုတ်စေရုံသာမက မူးယစ်ဆေးဝါး၏ အဆိုးသံသရာတွင် နစ်မွန်း စေရန် ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ ယခု နိုင်ငံတော်အစိုးရလက်ထက် ကြိုးပမ်းမှုများမှာ အရှိန်မြင့်မားပြီး အောင်မြင်ထိရောက်မှုရှိလာသည်။ ဒေသခံ တိုင်းရင်းသား များ၏ ပူးပေါင်းပါဝင်မှုကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်း များ အောင်မြင်နေသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄) မိုင်းလားတွင် ဘိန်းလုံးဝကင်းစင်သည့် ဒေသအဖြစ် ၁၉၉၇ခုနှစ် ဧပြီလ ၂၂ရက်နေ့တွင် ကမ္ဘာသို့ တရားဝင်ကြေညာနိုင်ခဲ့သည်။ ထိုနေ့တွင်ပင် မိုင်းလား၌ မူးယစ်ဆေးဝါးပပျောက်မှု အထိမ်းအမှတ် ပြတိုက်ကြီး ကိုလည်း ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်ပြသနိုင်ခဲ့သည်။

အလားတူပင် အထူးဒေသ(၁) လောက်ကိုင်ဒေသတွင် ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၂၇ရက်နေ့က မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ မူးယစ်ဆေးဝါးပပျောက် ရေး ဆက်လက်ကြိုးပမ်းကြမည့် တိုင်းရင်းသားတို့၏ သန္နိဋ္ဌာန်ပင် ဖြစ်သည်။

ယခုအခါ ဒေသခံ တိုင်းရင်းသားများသည် ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ဒေသခံတို့၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောင်မြင်မှုများ အထိုက် အလျောက် ရရှိနေပေသည်။

လောက်ကိုင်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကို တွေ့ရစဉ်။

ဖွံ့ဖြိုး တိုးတက်နေပြီ ဖြစ်သည့် နယ်စပ်ဒေသ မိုင်းလားမြို့၏ ရှုခင်းအလှ။

ထို့ကြောင့်လည်းမူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ရေးဆွဲကာ အဆင့်ဆင့် အကောင် အထည်ဖော်နေပေပြီ။ စုစုပေါင်း မြို့နယ် ၅၁ မြို့နယ်တွင် လုပ်ငန်း အကောင်အထည် ဖော်လျက်ရှိ ပေသည်။ ယခုလက်ရှိ အခြေ အနေတွင် နိုင်ငံတော်အစိုးရသည် ကိုယ့်အားကိုယ်ကိုးကာ ကြိုးပမ်း နေသည်။ အမှန်မှာ မူးယစ် ဆေးဝါးအန္တရာယ်သည် လူသား မျိုးနွယ် တပ်ရပ်လုံးကို လူညွန့် တုံးစေသဖြင့် ကမ္ဘာ့နိုင်ငံအသီး သီးနှင့် သက်ဆိုင်သည်။ ဤ လုပ်ငန်းအောင်မြင်ရန်ကမ္ဘာ့နိုင်ငံ များက အဘက်ဘက်မှ အားပေး ကူညီကြရန် တာဝန်ရှိပေသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက အကူ အညီများ ထိထိရောက်ရောက် ပေးအပ်ပါက မူးယစ်ဆေးဝါး ပပျောက်ရေး ရည်မှန်းချက်ကို အချိန်တိုတိုဖြင့် အကောင် အထည် ဖော်နိုင်မည်သာဖြစ် သည်။

ချုပ်၍ဆိုရသော် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များသည် တစ်ချိန်ထက်တစ်ချိန် အောင်မြင်မှုများ ရရှိနေပေ သည်။ အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်များကိုလည်း မျက်ဝါး ထင်ထင် မြင်တွေ့နေရသည်။

ဒေသခံတိုင်းရင်းသား လူမျိုး များ၏ ဥစ္စာရင်လို ဥစ္စာရင်ခဲ ပါဝင်ဆောင်ရွက်မှု၊ မျိုးချစ် စိတ်ဓာတ်၊ ပြည်ထောင်စု စိတ် ဓာတ်တည်းဟူသော မွန်မြတ် သည့် အမျိုးသားစည်းလုံး ညီညွတ်ရေး စိတ်ဓာတ်ဖြင့် ကြိုးပမ်းမှုများကြောင့် အောင် မြင်မှုများ ဆင့်ကဲဆင့်ကဲ ရရှိလာ မည်ဟု ယုံကြည်လျက်ရှိ ပါသည်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကိုလုံဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် ဖူးမြော်

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်၊ ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်မြဝင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် ရှမ်းပြည်နယ် ပင်းတယမြို့နယ် ကုံလုံ ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြရာ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်ဝင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကုံလုံပရိယတ္တိ စာသင်တိုက် ကုံလုံသာသနာ့ဗိမာန်တော်သို့ သွားရောက်ကြပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃၀ရက် နံနက်၀၀နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် နိုင်ငံတော်သြဝါဒ စရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ၏ ဥတုဇရုပ်ကလာပ်တော် အား ဖူးမြော်ကန်တော့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် မန္တလေးမြို့ မဟာဒိပဲရင်းတိုက် ကမ္ဘောဇထွင့်မြတ် ရတနာကျောင်း နာယကဆရာတော် ဘဒ္ဒန္တ မေဓာဝီ အမှူးပြုသော ဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ဆရာတော်ကြီးတို့က ကုံလုံဆရာတော် ကြီး၏ ဥတုဇရုပ်ကလာပ်တော် အန္တိမ ဈာပန ပူဇာသဘင်နှင့် ဂူဗိမာန်တော် သွင်းအခမ်းအနား ကျင်းပရန် စီစဉ်ထားမှု များကို မြွက်ကြားတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဝမ်းမြောက် အနုမောဒနာ သာဓုခေါ်ကြရန် ကုံလုံ ဆရာတော်ကြီး၏ သာသနာတော် အတွက် ဆောင်ရွက်ချက်များကို လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ဆရာတော်ကြီးများအား လှူဖွယ် ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကုံလုံဆရာတော်ကြီး အန္တိမဈာပနကျင်းပရေးအလှူငွေပေးအပ် ပွဲကို ကျင်းပရာ တပ်မတော် ထောက်လှမ်းရေးမိသားစုက ငွေကျပ် ၅၀၀၀၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် က ငွေကျပ် ၅၀၀၀၀၀၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၅၀၀၀၀၀၊ သာသနာရေးဝန်ကြီးဌာနက ငွေကျပ် ၅၀၀၀၀၀၊သီရိသုဓမ္မသီဂိ ဒေါက်တာ ဒေါ်ခင်ခင်စိမ့် မိသားစုက ငွေကျပ် ၁၅၇၀၀၀၀၀၊ ဒေါ်ဖြူဖြူဝင်း မိသားစု ချိုချိုဖြူအထည်ဆိုင် မန္တလေးမြို့က ငွေကျပ် ၁၀၅၀၀၀၀၀၊ ဦးစိုင်းမျိုး ဝင်း ဥက္ကဋ္ဌ မြန်မာ့အားမာန် မော်တော် ကား တပ်ဆင်ထုတ်လုပ်ရေးလုပ်ငန်း ရွှေပြည်သာက ငွေကျပ်၁၀၀၀၀၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်းနှင့် ဒေါ်သိန်းဝင်း မိသားစုက ငွေကျပ် ၆၀၀၀၀၀၀၊ ဦးမိုးထွန်း၊ဒေါ်အေမီသက် မိသားစု မန္တလေးမြို့က ငွေကျပ် ၂၃၀၀၀၀၀၊သမားတော်ကြီး ဒေါက်တာ ဦးငြိမ်းဆွေ၊ ဒေါက်တာဒေါ်မေကြည် မော်လမြိုင်မြို့ကငွေကျပ် ၂၀၀၀၀၀၀၊ မိုင်းရှူးမြို့နယ်ပြည်သူလူထုက ငွေကျပ် ၁၁၅၀၀၀၀၊ ရှမ်းတောင် အထူးဒေသ (၆) ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ ဦးအောင်ခမ်းထိနှင့် သီရိ သုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း မိသားစုကငွေကျပ် ၁၀၀၀၀၀၀၊နီလာ ရိုးမ ကုမ္ပဏီလီမိတက် ဦးအောင်ကိုဝင်း နှင့် သီဟသုဓမ္မသီဂိ သီရိသုဓမ္မသီဂိ ဒေါ်နန်းသန်းထွေး မိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဇေဒင်ဆောက်လုပ်ရေး အုပ်စု ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာမိသားစုက ငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်ငွေးငွေးမြင့်၊ ဒေါ်စန်း စန်းဝင်း အောင်ချမ်းမြမိသားစု ထားဝယ် မြို့ကငွေကျပ် ၁၀၀၀၀၀၀၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များက ငွေကျပ် ၇၅၃၃၀၀၊ ဗထူးတပ်နယ်က ငွေကျပ် ၆၅၆၁၁၁၊ ငွေဆင် ကျောက်မျက် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးမြင့် မိသားစုက ငွေကျပ် ၅၀၀၀၀၀၊ ကိုးကန့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ငွေကျပ် ၅၀၀၀၀၀၊ ရန်ကုန်ပညာရေး တက္ကသိုလ် ဓာတုဗေဒဌာန တွဲဖက် ပါမောက္ခဒေါ်မေကြည်ဝင်း အပါအဝင် အလှူရှင်များက ငွေ ၂၁၄၉၄၀၅၈၃ ကျပ် ကို ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် သာသနာရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုတို့က လက်ခံကြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကုံလုံ ဆရာတော်ကြီး၏ ရုပ်ကလာပ် စံကျောင်းတော်ဗိမာန်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ၆ရက်က ပင်းတယမြို့ ကုံလုံပရိယတ္တိစာသင်တိုက် သာသနာ့ဗိမာန်တော်၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည့် နိုင်ငံတော် သြဝါဒစရိယ ရှမ်းပြည်နယ် ပင်းတယမြို့ ဂဠုန်တောင်ကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ၏ ဥတုဇရုပ်ကလာပ်တော် အား ဖူးမြော်ကန်တော့စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၆ရက်က ပင်းတယမြို့ ကုံလုံပရိယတ္တိစာသင်တိုက်အနီး၌ ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တ တေဇနိယ၏ ရုပ်ကလာပ်စံကျောင်းတော်ဗိမာန် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရည်အသွေးအိမ် တည်ဆောက်ခြင်းဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၇

နိုင်ငံတကာ ဈေးကွက်များအတွင်း အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများဖြင့် ဈေးကွက် ထိုးဖောက်ရာတွင် အရည်အသွေးအိမ် တည်ဆောက်ခြင်းဖြင့် ရေရှည် အောင်မြင်မှု ရရှိနိုင်စေရေးရည်ရွယ်ချက် ဖြင့် ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)က အရည်အသွေးအိမ် ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ရက်က IBC တွင် ဟောပြောသွားကြောင်းသိရသည်။

စီးပွားရေးပညာပေးဟောပြောပွဲများ ကျင်းပလိုပါက အမှတ်(၂၇၆)၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ် ဖုန်း-၂၄၂၅၈၃၊ အီးမေးလ်Cgml @ Yangon net. mm သို့ ဆက်သွယ် နိုင်ကြောင်းသိရသည်။

(က-ပ)

“သတ္တမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်”

❖ တစ်သက်တာကျန်းမာဖို့၊ သန့်ရှင်းအိမ်သာသုံးကြစို့။

❖ ကျန်းမာခြင်းအစ၊ လက်သန့်ရှင်းရေးက။

၂၀၀၄-ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်- (၁၆)ရက်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၂-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိဂိရိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၇။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၁၀ ၈။ အရေးပြိုင်ပွဲ
- ၈:၂၀ ၉။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Say it in English.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ စလင်းရေလှောင်တမံ
- ၁၁:၄၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၅၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၁၄)**
- ၁၂:၂၅ ၆။ Milo Success in Soccer.
- ၁၂:၄၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း ရေမခြား မြေမခြား (နေဆန်း၊ ဖြိုးငွေစိုး၊ ပြေတီဦး၊ ပပဝင်းခင်၊ ပြည့်စုံသျှင်၊ အိအိ) (ဒါရိုက်တာ-ခင်ဇော်)**
- ၂:၀၀ ၈။ မြန်မာ့ရိုးရာခေါင်းပေါင်းလုပ်ငန်း
- ၂:၁၅ ၉။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၂:၃၀ ၁၀။ ဗိုလ်မြတ်ထွန်းတံတား
- ၂:၄၅ ၁၁။ International News.
- ၃:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၀ ၅။ ကရင်ရိုးရာဝတ်စားဆင်ယင်မှု
- ၅:၀၅ ၆။ (၅၇)နှစ်မြောက်ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၂၀ ၇။ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်
- ၅:၃၀ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
- ၇:၁၅ ၁၂။ (၅၇)နှစ်မြောက်ပြည်ထောင်စု နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၃၀ ၁၃။ **ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင့်သန် ခိုင်မာရန်မှာ တို့ဝန်တာ ရခိုင်ပြည်နယ်**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **Calcio Serie A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

❍ **လယ်ယာစီးပွားမှ**

များအား မြေနေရာချထားပေးမှု၊ စက်မှုဇုန် ဖွံ့ဖြိုးရေးအတွက် လမ်းလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ရေရရှိရေးဆောင်ရွက်ထားမှု၊ စက်မှုဇုန် လုပ်ငန်းရှင်များက စားသောက်ကုန်လုပ်ငန်း၊ နေထိုင်ရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းလုပ်ငန်း၊ အထွေထွေစက်မှုလုပ်ငန်းဆောင်ရွက်နေမှု၊ စက်မှုဇုန်မှ ရှမ်းစတားဂျစ်၊ နှစ်ခန်းတွဲယာဉ်၊ ဆလွန်း၊ တံခါးလေးပေါက်ဂျစ်၊ ကမ္ဘောဇ စူပါဂျစ်နှင့် ပစ်ကပ်များထုတ်လုပ်နေမှု၊ (၁၀)တန်အထက် ယာဉ်ကြီးနှင့် လူ ၄၀ အထက်စီး ဘတ်စ်ကားများ စမ်းသပ်ထုတ်လုပ်နေမှု၊ စက်မှုဇုန်မှ လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက် သစ်ဆိမ့်သီး အဆီထုတ်စက်၊ စပါးရိတ်စက် စသည့် လယ်ယာသုံးစက်ကိရိယာ ပစ္စည်းများ ထုတ်လုပ်နေမှု၊ ကားအပို ပစ္စည်းမျိုးစုံ၊ ဘိုးနပ်တိုင်၊ သံဆန်ခါလိပ်၊ အုတ်ဘလောက်စက်နှင့် ပြောင်းဖူးခြွေစက် ထုတ်လုပ်နေမှု၊ ကျေးလက်သုံး ရေအားလျှပ်စစ်စက်ထုတ်လုပ်မှု၊ နိုင်ငံတော်က အင်ဂျင်နှင့် ဆက်စပ်ပစ္စည်းပံ့ပိုးပေးမှု၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနက စက်နှင့် အရန်ပစ္စည်းများ ရောင်းချပေးမှု၊ ဆက်သွယ်ရေးအတွက် ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်မှ လုပ်ငန်းရှင်များ၏ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဆန်းက အေးသာယာစက်မှုဇုန်တွင် မြေကွက်များ တိုးချဲ့ဖော်ထုတ်ရန် လျာထားမှု အခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံ ဖြစ်သည်နှင့် အညီ လယ်ယာစီးပွား ကုန်ထုတ်လုပ်ငန်း တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် လယ်ယာသုံး စက်ကိရိယာများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သမားရိုးကျ လုပ်ကိုင်နေသည့် လယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာစနစ်ကို အသွင်ကူးပြောင်းရင်း တစ်ဖက်ကလည်း စက်မှုနိုင်ငံဖြစ်ပေါ်လာရေးကို တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် စက်မှုလယ်ယာနှင့် စက်မှုလုပ်ငန်းနှစ်ရပ်ကို ပေါင်းစပ်ပြီး တိုးတက်ဖြစ်ပေါ်လာအောင် တည်ထောင်သွားကြရန်လိုကြောင်း။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး အရည်အသွေး မြင့်မားလာစေရန် အားပေးကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

ဤစက်မှုဇုန်အနေဖြင့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ နေထိုင်ရေးဆိုင်ရာပစ္စည်း၊ အထွေထွေ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ စက္ကူစက်၊ သကြားစက် စသည့် ကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်နေသကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လိုလားချက်ဖြစ်သည့် ကျေးလက် အသေးစား ရေအား လျှပ်စစ်ထုတ် စက်ပစ္စည်းနှင့် လယ်ယာအထောက်အကူပြု စက်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရေးနှင့် အရည်အသွေး မြင့်မားရေးကို ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

ဘတ်စ်ကားနှင့် ထရပ်ကား

စက်မှုဇုန်များတွင် မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ပတ်သက်၍ မိသားစုစီး ကားများ ထုတ်လုပ်ခြင်းကိုလည်း ပိုမို အရည်အသွေး ကောင်းမွန်အောင် တီထွင်ကြိုးပမ်းရင်း တစ်ဖက်ကလည်း နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေမည့် ကုန်စည်ပို့ဆောင်မှုနှင့် ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများအတွက် လိုအပ်နေသည့် Bus နှင့် Truck ကားများ ပိုမိုထုတ်လုပ်နိုင်ရေးကိုလည်း အလေးထား ကြိုးပမ်းသွားကြရန် လိုကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းလုပ်ငန်းမှာ ယာဉ်အစိတ်အပိုင်းများကို သီးခြားစီထုတ်လုပ်ပြီး မော်တော်ယာဉ်အဖြစ် ပေါင်းစပ်တည်ဆောက်ရသည်ဖြစ်ရာ စက်ရုံတစ်ခုနှင့် တစ်ခု၊ စက်မှုဇုန်တစ်ခုနှင့်တစ်ခု ပေါင်းစည်းလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုတွင်ကျယ်လာနိုင်ပြီး အရည်အသွေးရောအရေအတွက်ပါ တိုးတက်လာနိုင်မှာဖြစ်ကြောင်း။

ယခုအခါ လှိုင်သာယာ စက်မှုဇုန်တွင် မော်တော်ယာဉ် ကိုယ်ထည်နှင့် ဖရိန်များကို ခေတ်မီပုံဖော်စက်များ အသုံးပြု ထုတ်လုပ်ပေးနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ မိမိတို့ လိုအပ်မည့် မော်တော်ယာဉ်ပုံစံများ မှာယူပြီး မော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်အောင် စက်မှုဇုန် တာဝန်ခံများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ထို့ပြင် စက်မှုကုန်ကြမ်း ပစ္စည်းများကိုလည်း ပြည်ပမှ မှာယူတင်သွင်းနေရသည်ကို လျှော့ချပြီး ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ရေးအတွက်ကိုလည်း နည်းလမ်းရှာဖွေ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တွင်ရှိသည့် အင်အားဖြင့် တီထွင် ကြိုးပမ်းနေမှုများကိုလည်း နိုင်ငံတော်က ချီးကျူးမှတ်တမ်းတင်ပါကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ ဓနအင်အား တောင့်တင်းခိုင်မာလာသည်နှင့်အမျှ စက်မှုကဏ္ဍတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ယခုထက် ပိုမိုပံ့ပိုး အားပေးကူညီသွားမည်ဖြစ်ကြောင်း။

နည်းလမ်းရှာဖွေ

စက်မှုဇုန်တာဝန်ခံများ၊ စက်မှုလုပ်ငန်းရှင်များ အပိုင်းကလည်း စက်မှုဇုန်များ တစ်စတစ်စ တိုးတက်ဖြစ်ထွန်းရေးအတွက် မပြတ်ညှိနှိုင်းပေါင်းစပ်ပြီး နည်းလမ်းရှာဖွေ ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်ခန်းမ ပရဝဏ်၌ ခင်းကျင်းပြသထားသော အေးသာယာ စက်မှုဇုန်မှ ထုတ်လုပ်သည့် ဓာတ်မြေသြဇာများ၊ ပလတ်စတစ်ကုန်ချော ပစ္စည်းများ၊ အဆင်မြင့် ပေါင်းပြီး သကြားများ၊ သစ်ဆိမ့်သီးအဆန်ထုတ်စက်၊ အခွံချွတ်စက်၊ စပါးခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ စပါးရိတ်စက်၊ ပြောင်းဖူးခြွေစက် ၊ဆီစက်အစိတ်အပိုင်းများနှင့် Royal Cherry Saloon၊ ရှမ်း Saloon ရှမ်းစတားဂျစ်၊ နှစ်ခန်းတွဲယာဉ်၊ တံခါးလေးပေါက်ဂျစ်၊ ကမ္ဘောဇစူပါဂျစ်နှင့် ပစ်ကပ်ယာဉ်တို့ကို ကြည့်ရှုကြသည်။

အစိုးရနည်းပညာကောလိပ်

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ဒေင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်မည့် မြေနေရာအခြေအနေ တည်ဆောက်မည့် အဆောက်အအုံများ၏ အကွက်ချပုံစံ၊ အဆောက်အအုံတည်ဆောက်ရန် စီစဉ်ထားမှုတို့ကို လုပ်ငန်းခွင်၌ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒေင်အုပ်စုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အစိုးရနည်းပညာကောလိပ် (အေးသာယာ) တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ သုံးထပ် ပင်မဆောင်၏ ဗိသုကာပုံစံနှင့်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သုံးထပ်ပင်မဆောင်၏ ဗိသုကာပုံစံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကြည်စိန်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဆေးရုံခန်းမ၌ စဝ်စံထွန်းဆေးရုံ– ဆေးရုံအုပ်ကြီး ဒေါက်တာအေးကြည်စိန်က စဝ်စံထွန်း ဆေးရုံကြီး၏ နောက်ခံသမိုင်း၊ ဆေးရုံကြီး၏ တည်နေရာနှင့် အကျယ်အဝန်း၊ ဆေးရုံအဆောက်အအုံများ၏ အကွက်ချပုံစံ၊ အဆောက်အအုံများ ဖွဲ့စည်းထားမှု၊ ပြင်ပလူနာဦးရေ၊ ဆေးရုံတက်လူနာအရေအတွက်၊ အသေးစား၊ အကြီးစား ခွဲစိတ်ကုသမှု၊ အဖြစ်များသော ရောဂါများနှင့် ကုသမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်က ဆေးရုံကြီး၏ နောက်ခံသမိုင်း၊ သားဖွားခြင်း၊ မီးယပ်ဆိုင်ရာရောဂါများနှင့် ကလေးသူငယ်တွင်ဖြစ်ပွားသောရောဂါများကုသပေးမှု၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တောင်ကြီးမြို့ ကျောက်တလုံးကြီး ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားမှ ပအိုဝ်းတိုင်းရင်းသား ခေါင်းဆောင်များက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ ရုပ်စုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားတွင် စေတီတော်အား တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အား လက်ယာရစ်လှည့်လည်အပူဇော်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ဖြ ရက်က တောင်ကြီးမြို့ အစိုးရနည်းပညာကောလိပ် (အေးသာယာ) ပင်မဆောင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရုပ်စုံစေတီတော်

တောင်ကြီးမြို့ ကျောက်တလုံးကြီး ရေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ ရုပ်စုံစေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

မွေတော်ကက္ကူ ဘုရားများ

တောင်ကြီးမြို့ ကျောက်တလုံးကြီး ရေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားများအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တောင်ကြီးမြို့ ကျောက်တလုံးကြီး ရေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားရှိ ရုပ်စုံစေတီတော် အထွတ်သို့ တက်ရောက်၍ စိန်ဖူးတော်ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၁၁ မှ**

လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များ၊ သူနာပြုသင်တန်းသူ၊ သားဖွား သင်တန်းသူများအား သင်ကြား ပေးမှု၊ လက်ရှိဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ အဆောက်အအုံများ၏ အကွက်ချပုံစံနှင့် အဆောက်အအုံများ၏ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေး အထူးကုဆေးရုံကြီးအား ခုတင်–၂၀၀ ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးပြီး ဆေးရုံအဆောက်အအုံသစ်တိုးချဲ့တည်ဆောက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စဝ်စံထွန်းဆေးရုံကြီးရှိ သွားနှင့်ခံတွင်း အထူးကုဌာန ရောဂါရှာဖွေရေးဌာန၊ ခွဲစိတ်ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံကြီး အတွင်း၊အပြင် သန့်ရှင်းသပ်ရပ်ရေးအတွက် လိုအပ်မှုများ မွမ်းမံထိန်းသိမ်းရေး မှာကြားသည်။

အထူးကုဆေးရုံကြီး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကု ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးကို ခုတင်–၂၀၀ဆံ့ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ရေးနှင့် ဆေးရုံအဆောက်အအုံတိုးချဲ့တည်ဆောက်နိုင်မည့် အခြေအနေကို ဆေးရုံပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုပြီး အဆောက်အအုံဆောက်လုပ်ရန်နေရာ ရွေးချယ်သတ်မှတ် စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကလေးလူနာဆောင်၊ ကျန်းမာရေး ပညာပေးပြခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ ပင်လုံရိပ်သာသို့ ရောက်ရှိကြသည်။

မွေတော်ကက္ကူဘုရား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး ရေးဟောင်းသမိုင်းဝင်မွေတော် ကက္ကူဘုရားသို့ ရောက်ရှိကြရာ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ကျောက်တလုံးကြီး ရေးဟောင်းသမိုင်းဝင် မွေတော် ကက္ကူဘုရားရှိ စေတီအမှတ်(အက်ဖ်–၄၄၈) ရုပ်စုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရွှေထီးတော်တင်လှူပူဇော်သည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)မှ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ပူဇော် ကြည်ညိုကြသည်။

ရှေးဦးစွာ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက သိမ်တောင်ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိကထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂)၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးတို့သည် ရုပ်စုံစေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်နှင့် ရွှေကြာသကန်းတို့ကို လည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက သိမ်တောင် ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိကအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝန်ကြီးများ၊ တိုင်းရင်းသားခေါင်းဆောင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက သိမ်တောင် ဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက က အနုမောဒနာတရားဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရုပ်စုံစေတီတော် ရွှေထီးတော်တင်လှူပွဲ အစီအစဉ်ကို ကျင်းပသည်။

လှည့်လည်ပူဇော်

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ ဦးဆောင်ကာ ဒေဝါဝင်း၊ ရာဇာဝင်း ခင်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး(၂)၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်း တိုင်းရင်းသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်ကို မင်္ဂလာမဏ္ဍပ်မှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ပင့်ဆောင်

အစီအစဉ်အရ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံဆင့်များကို ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး ဆက်လက်၍ ရုပ်စုံစေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ယင်းနောက် ဥပါသကာများက စေတီတော်အား ရွှေထီးတော် ဘုံဆင့်များနှင့် ငှက်မြတ်နားတော်ကို တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်ငြမ်းအထက်သို့ တက်ရောက်ပြီး ရုပ်စုံစေတီတော်အား စိန်ဖူးတော်ကို ကိုယ်တိုင်တင်လှူ ပူဇော်သည်။ ယင်းနောက် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ရောင်တော်ဖွင့် ပူဇော်ပြီး ဆက်လက်၍ စေတီတော်အား ရွှေကြာသကန်း ကပ်လှူပူဇော်သည်။

ထို့နောက် ဥပါသကာ ဦးသိန်းညွန့်က အမျှပေးဝေသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာ တင်တော်မူကြသည်။

ထို့နောက် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရုပ်စုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေမိုးငွေမိုး ရွာသွန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အာသောကစေတီ ဆုတောင်းပြည့်ဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးရေး ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူး၍ “ Wireless Technology Awareness- wifi and rfid ” Seminar ကို ဖေဖော်ဝါရီ ၁၀ရက်တွင် ညနေ ၄နာရီမှ ၆နာရီအထိ ကျင်းပမည်ဖြစ်၍ စိတ်ဝင်စားသူများ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း ဖုန်း–၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူ နံနက် ၁၁နာရီခွဲတွင် ကနီမြို့နယ် အလောင်းတော်ကဿပသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရွှေသင်္ကန်းဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ ရုပ်ပုံတော်ကို ဖူးမြော်ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရုပ်ပုံတော်ကို ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အလောင်းတော်ကဿပ လိုဏ်ဂူကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် အလောင်းတော်ကဿပ ဂေါပကအဖွဲ့နာယကကျောင်းဆောင်၌ အလောင်းတော်ကဿပဂေါပကအဖွဲ့ နာယက ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်း ဆရာတော် ဘဒ္ဒန္တသုမနနှင့် နာယကအဖွဲ့ဝင် ဆရာတော်နှစ်ပါးအား ဖူးမြော်ကြည်ညို၍ ပရိက္ခာရာရှစ်ပါး ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ခတက္ကန်တောင်

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက်သို့ သွားရောက်ကြပြီး မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း မုံရွာမြို့နယ် ခတက္ကန်တောင်ကျေးရွာရှိ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာရဒအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပရိက္ခာရာရှစ်ပါး ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂေါပကအဖွဲ့ နာယက ယင်းမာပင်မြို့နယ် ဖိုလ်ဝင်တောင်ပုပ္ပားကျောင်းဆရာတော် ဘဒ္ဒန္တသုမနအား ပရိက္ခာရာရှစ်ပါး ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၁၉၇၉၀၇

အလှူငွေပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး စစ်ကိုင်းတိုင်း ကနီမြို့နယ် အလောင်းတော်ကဿပ ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိဗ္ဗာန် ရောက်ကြောင်း တရား ဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

သုံးဆယ်မြို့ ဦးသန်းထွန်း–ဒေါ်စန်းမြင့်တို့၏ ဒုတိယအကြိမ် တရားဓမ္မသဘင်ပွဲကြီးကို မဟာထုပါရုံစာသင်တိုက် ရတနာဝင်း ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၉ရက်ည သီတဂူကြာတစ်ပွင့် ပိဋကတစ်ပုံခွဲအောင် စစ်ကိုင်းတောင်ရိုး ရွှေကျောင်း ရန်ကင်း ရွှေပြည်ဟိန်းကျောင်း ပဓာနနာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အရှင်ခေမာသီရိလင်္ကာရ၊ ဖေဖော်ဝါရီ ၁၀ရက်ညတွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ သ–စ–အ ပါဠိပါရဂူ အဂ္ဂမဟာ အကျော်အရှင်သီရိန္ဒာဘိဝံသ(ယော)ဆရာတော်တို့ကနိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ်ဟောကြားမည်ဖြစ်သည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈–၂–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော်ဦးဃောသိတတရားတော် "အမှောင်ငါးစင်း၊အလင်းငါးချက် တရားတော်"
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် (က) ပထမနှစ် (မြန်မာမှုပညာ) (ခ) ပထမနှစ် (စာရင်းအင်းပညာ)
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ရေးချစ်ခွင့်" အပိုင်း(၅)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" အပိုင်း (၂၅)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

➪ **မြန်မာလူငယ်မှ**

ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ဘင်္ဂလားဒေ့ရှ် လူငယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်သွားသည်။ မြန်မာလူငယ်လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်း၁၅မိနစ်တွင် ကျော်ကျော်စိုးကလည်းကောင်း၊ ၂၁မိနစ်တွင် ထွန်းမင်းဦးကလည်းကောင်း၊ ၂၇မိနစ်တွင် ဇော်ထက်အောင်ကလည်းကောင်း အသီးသီးသွင်းယူကြသည်။

ဒုတိယအကြို ဗိုလ်လုပွဲတွင် အိန္ဒိယလူငယ်လက်ရွေးစင်ဘောလုံးအသင်းက အိမ်ရှင်ထိုင်းလူငယ်လက်ရွေးစင်ဘောလုံးအသင်းကို သုံးဂိုး– ဂိုးမရှိ ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယလူငယ်လက်ရွေးစင်ဘောလုံးအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပုဂံညောင်ဦးမြို့နေ ဦးမြင့်ဆွေ (လက်ထောက်မန်နေဂျာ၊ ဖောင်ဖွဲ့ရေး၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ခင်မန်း (Diamond Eagle Hotel) တို့၏သားကြီး

မောင်မျိုးမင်းဦး **B.Sc (Maths)**

Managing Director, 1517 Wood Carving Showroom and Workshop.

GM, Htoo Trading Co., Ltd. (Bagan Project)

နှင့်

ရန်ကုန်မြို့နေ ဒေါက်တာဦးမြင့်သောင်း(ဒုတိယညွှန်ကြားရေးမှူး–ဗဟိုဆေးသိုလှောင်ရေးဌာန)–ဒေါက်တာဒေါ်ဝင်းဝင်းချိုတို့၏ သမီးငယ်

မသဲမဥ္ဇူမြင့် **B.Sc (Maths), Diploma in ICT**

တို့အား ၅–၂–၂၀၀၄နေ့၌ IBC တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးလှမောင်အားလည်းကောင်း၊ ၇–၂–၂၀၀၄နေ့၌ Yuzana Garden Hotel တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်လင်းမြင့်၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ UNDP/FAO စိုက်ပျိုးရေးဖွံ့ဖြိုးမှု အစီအစဉ် ကျွမ်းကျင်မှု အကြံပေးအရာရှိချုပ်ဟောင်း၊ မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးမြင့်သိန်းနှင့် ဇနီးဒေါ်တင်တင်နုတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ မင်္ဂလာပွဲ ဖြစ်မြောက် အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းဦး–မသဲမဥ္ဇူမြင့်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ FMI City၊ သဇင်(၅)လမ်း၊ အမှတ်(D-35)နေ ဗိုလ်မှူးစန်းလွင်(ငြိမ်း)–ဒေါ်မြမြနွဲ့ (Managing Director, Sky Jet Co.,Ltd) တို့၏သားကြီး

မောင်ဇော်မိုးလွင် **B.Sc(Maths)**

Managing Director, Sky Jet Multi Engineering Co., Ltd

နှင့်

အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၇၁)နေ ဦးစိုးငြိမ်း–ဒေါ်နန်းမြတို့၏ တစ်ဦးတည်းသောသမီး

မမိုမိုခမ်း **B.Sc(Maths)**

တို့၏ ၇–၂–၂၀၀၄ရက်နေ့တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တရားသူကြီးချုပ်နှင့်ဇနီး၊ မြို့တော်ဝန်နှင့်ဇနီး၊ ၆–၂–၂၀၀၄ရက် နံနက်ပိုင်း Traders Hotel တွင် စုလျားရစ်ပတ် ထိမ်းမြား မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုးနှင့်ဇနီး ဒေါ်အေးကြည်၊ မြန်မာထုံးတမ်းအစဉ်အလာနှင့်အညီ မင်္ဂလာသြဝါဒချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မျိုးမြင့်အားလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦးအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော A-1 ဦးစိုးမြင့်အဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် အလှပြုပြင်ပေးသော မိတ်ကပ်အောင်အောင်နှင့် မင်္ဂလာဝတ်စုံ ဖန်တီးပေးသော ဒေါ်လာမြင့်အောင်အားလည်းကောင်း၊ သတို့သားအရံ မောင်သုတနှင့် မောင်ဝေယံအောင်၊ သတို့သမီးအရံ မခင်သီတာမြင့်နှင့် မချိုသက်လှိုင်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး သင်းအိန္ဒြာ၊ မင်္ဂလာစံပယ်ကုံး ကိုင်ဆောင်ပေးသော ညီလေး သွင်ထူးအောင်နှင့် ညီမလေး မခိုင်ခင်လွင်၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော ညီလေး ညီခင်ထွန်းနှင့် ညီမလေး ခိုင်ဆုလွင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော နှစ်ဖက်သော ဆွေမျိုးသူငယ်ချင်းများ၊ Traders Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **မောင်ဇော်မိုးလွင်နှင့် မမိုမိုခမ်း။**

စာပို့တံဆိပ်ခေါင်းအသစ် သုံးမျိုး ထုတ်ဝေမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ်တွင် စာပို့တံဆိပ်ခေါင်းအသစ် သုံးမျိုးကို ထုတ်ဝေမည်ဖြစ်ရာ အစဉ်သုံး တံဆိပ်ခေါင်း (Definitive Issue) နှစ်မျိုးနှင့် အထိမ်းအမှတ် အထူးထုတ် တံဆိပ်ခေါင်း (Commemorative Issue) တစ်မျိုးပါဝင်ကြောင်း သိရသည်။

ထုတ်ဝေမည့် အစဉ်သုံး တံဆိပ်ခေါင်းများမှာ ကျပ် ၃၀တန် စာပို့တံဆိပ်ခေါင်းနှစ်မျိုးဖြစ်ပြီး တစ်မျိုးမှာ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ် ရေခဲတောင်ဒေသများတွင် ရှားပါးစွာ ပေါက်ရောက်ဖြစ်ထွန်းပြီး ကမ္ဘာပေါ်တွင် ကျော်ကြားသည့် သစ်ခွမျိုးဖြစ်သော သစ်ခွနက်(Black Orchid) (ရုက္ခဗေဒအမည် Paphiopedilum Wardii) ကို ခါကာဘိုရာဇီတောင် နောက်ခံထား၍ ရိုက်နှိပ်ထုတ်ဝေထားခြင်းဖြစ်သည်။ အဆိုပါသစ်ခွမျိုးမှာ မြန်မာ့မျိုးရင်း ပန်းမန်ဖြစ်သည့်အပြင် မြန်မာတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိနိုင်သဖြင့် နိုင်ငံတကာမှ ပန်းဝါသနာရှင်များ၊ သုတေသီများ၊ ကမ္ဘာလှည့်ခရီးသည်များ အထူး စိတ်ဝင်စားသော ရှားပါးပန်းမန်ဖြစ်သည်။

အစဉ်သုံး စာပို့တံဆိပ်ခေါင်း နောက်တစ်မျိုးမှာ ပြည်ပဈေးကွက်တွင် ရေပန်းစား လူကြိုက်များလျက်ရှိသော မြန်မာ့မျိုးရင်း သစ်သီးဝလံဖြစ်သည့် စိန်တစ်လုံးသရက်များကို နောက်ခံ အခက်အရွက်အညှာများပေါ်၌ ဝင်းပစွာ သီးမှည့်နေပုံ ရိုက်နှိပ်ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ တံဆိပ်ခေါင်းနှစ်မျိုးကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာပို့တိုက်ဌာန အသီးသီးက ထုတ်ဝေကြသည့် တံဆိပ်ခေါင်းများကို ရွေးချယ်စုစည်း ဖော်ပြမည် ASEAN Philatelic Joint Issoe of Stamp Album သို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပေးပို့ခဲ့သည်ဟု သိရသည်။

အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်း တစ်မျိုးမှာ ၂၀၀၄ခုနှစ် မေ ၂၁ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ် FIFA စတင် ထူထောင်ခြင်း နှစ်တစ်ရာပြည့် အထိမ်းအမှတ်အတွက် FIFA အဖွဲ့ချုပ်၏ ကမ်းလှမ်းညှိနှိုင်းချက်အရ အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ မိမိတို့နိုင်ငံအလိုက် ကြိုဆိုထုတ်ဝေခြင်းဖြစ်ပြီး ၂၀၀၂ခုနှစ် ယူ–၁၇ အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းမှ ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သော တံခွန်စိုက်ဆုဖလားနှင့် အသန့်ရှင်းဆုံးအသင်း ဆုဖလားတို့ကို ယှဉ်တွဲဖော်ပြရိုက်နှိပ်ထားသည်။

မြန်မာတို့ ဂုဏ်ယူဖွယ်ရာ မြန်မာ့မျိုးရင်း သစ်သီးဝလံနှင့် ပန်းမန်တို့ ဖော်ပြရိုက်နှိပ်ထားသည့် အစဉ်သုံး စာပို့တံဆိပ်ခေါင်းနှစ်မျိုးကို ဖေဖော်ဝါရီ ၁၁ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဘောလုံးအဖွဲ့ချုပ် FIFA နှစ်တစ်ရာပြည့် အထိမ်းအမှတ် အထူးထုတ်စာပို့တံဆိပ်ခေါင်းကို မေ ၅ရက်တွင်လည်းကောင်း ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်)များ၌ စတင်ထုတ်ဝေရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် ဖေဖော်ဝါရီ ၇

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၇ရက်နေ့ မြန်မာစံတော်ချိန် (၀၉)နာရီ (၂၀)မိနစ် (၂၇)စက္ကန့် အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၃၀၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ ၁ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

Davos စီးပွားရေးညီလာခံရောက် နိုင်ငံ့ခေါင်းဆောင် သုံးဦးနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ချစ်ဖူး၏ အင်္ဂလိပ်လိုပြောမလို့လား၊ မောင်စူးစမ်း၊ မင်းရွှေမောင်၊ အောင်သင်းတို့၏ ပင်တိုင်ဆောင်းပါးများ၊ နယ်သတင်း အထွေထွေ၊ ကာတွန်းလက်ရာစုံတို့ဖြင့် အမှတ် (၁၃၁)၊၂၈လမ်း(အလယ်)၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၀၁–၇၀၇၁၈၃ က ဖြန့်ချိသော ဈေးကွက်ဂျာနယ် အမှတ်(၃၅၆) မျက်နှာဖုံး။ **(ယာပုံ)**

(က–ပ)



ဘာသာစကား လေ့ကျင့်သင်ကြားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

ခေတ်လူငယ်များ အင်္ဂလိပ်စာနှင့် စကားကိုတတ်မြောက်ရန် ရည်သန်၍ Anglia Edulink Language Centre မှ မူလတန်း၊အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့် အင်္ဂလိပ်စာ ဘာသာစကားသင်တန်းများကို ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

မတ်၊ ဧပြီ၊ မေ နွေရာသီ သုံးလ သင်တန်းများကို မူကြိုမှ ဘွဲ့ကြို၊ ဘွဲ့ရများအတွက် အဆင့်ကိုးဆင့်ခွဲခြားကာ အရည်အချင်းပြည့် ဆရာ၊ဆရာမများက ကြီးကြပ်၍ တစ်ဦးချင်း တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းဆင်းစာမေးပွဲကို Anglia Examination Syndicate မှ စစ်ဆေးပြီး နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များ ချီးမြှင့်မည်ဖြစ်သည်။

Anglia Edulink Language Centre ဒဂုံမြို့နယ်၊ခြံအမှတ်(၃၆/၃၈)၊ အလံပြဘုရားလမ်း၊ ဖုန်း–၇၀၁၇၂၀၊ ၂၈၉၁၉၁နှင့်၂၈၉၁၇၉တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့တွင်အသုံးပြုရန် လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများ ဝယ်ယူလိုပါသည်။

(က) မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

Item	Description	Qty
(1)	Cylinder Assembly. V.00015000 B Model; TASCAM DA-30 MK II	2 Nos
(2)	Record/ Playback Head Model; TASCAM 122 MK II	2 Nos
(3)	Record/Playback Head 578301800 Model; TASCAM BR-20 N	2 Nos

(ခ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

Item	Description
(1)	Noritsu QSS-2901 Digital C/W 135/240 Auto Film Carrier 120 Auto Film Carrier Digital ICE Software Card/ Calendar Creation Software Multi Frame Print Creation Software Frame Print Creation Software Paper magazine (3. Boxes) QSS-2901.System installation CD&Floppy Disk. Dark Bag.(1.Pc) Extra Lamp (2.Pcs)

၂။ တင်ဒါပေးသွင်းမှုကို ၁၈–၂–၂၀၀၄ရက်(၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ
ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ရန်ကုန်မြို့
ဖုန်း–၂၄၅၆၃၁၊၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဆီအိုးကြီးအဖြစ် ပေါ်ထွန်းလာတော့မည့် တနင်္သာရီတိုင်း

ကွင်းဆင်းလေ့လာရေးသားသူ-ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်

ရန်ကုန် ဖေဖော်ဝါရီ ၇

တနင်္သာရီတိုင်းတွင် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆပ်ကော်မတီခြောက်ရပ်ဖြင့် အကောင်အထည် ဖော်ရာ၌ ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး ဆပ်ကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ဆီအုန်းဧကငါးသိန်း စိုက်ပျိုးရေးကို စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိနေသည်။

ဆီသီးခိုင်များထွက်နေပြီဖြစ်သော ဆီအုန်းပင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-မိုးမြင့်လှိုင်)

ထိုစီမံကိန်းတွင် နိုင်ငံတော်၏ တာဝန်ပေးချက်အရ ပုဂ္ဂလိကဆီအုန်းလုပ်ငန်းရှင် ၁၆ ဖွဲ့သည် ၁၉၉၉ ခုနှစ်မှစတင်၍ မြေဧရိယာ ၅၆၈၃၆၉ ဧက လျာထားသတ်မှတ်ခွင့်ပြုချက်ရယူပြီး ၂၀၀၃-၂၀၀၄ ခုနှစ်အထိ ငါးနှစ်အတွင်း ဆီအုန်းဧက ၁၈၅၃၁၁ စိုက်ပျိုးရန် စီမံကိန်းချ၍ အကောင်အထည်ဖော်ခဲ့ရာ ကုမ္ပဏီ ၁၅ ခုသည် ဧက ၈၁၆၃၀ စိုက်ပျိုးနိုင်သောကြောင့် ၎င်းတို့၏ စီမံကိန်းလျာထားချက်အပေါ် ၄၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သည်ဟု သိရသည်။

၎င်းတို့မှာ ထားဝယ်ခရိုင်တွင် မြန်မာ့နစ်ရှည်၊ စကီးစတုန်း၊ ပိုကောင်း၊ အဏ္ဏဝါစိုးမိုး၊ မြိတ်ခရိုင်တွင် အေးရှားဝေါ၊ ဗင်းတော့ချ်၊ မြန်နိုင်မြင့်၊ ကမ္ဘောဇ၊ ကော့သောင်းခရိုင်တွင် တောင်ဒဂုံ၊ အောင်ဇင်မာ၊ ပိုကောင်း၊ ဒဂုံတင်းဘား၊ ယုဇန၊ အဏ္ဏဝါထွန်း၊ အက်စ်အိုင်၊ ရှုပါဝမ်း၊ တက်နေ၊ ဦးပိုင်လီမိတက်တို့ ပါဝင်သည်။

ထို့အပြင် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်သည့် တနင်္သာရီတိုင်းအတွင်း ဆီအုန်းဧက ငါးသိန်း ဆောလျင်စွာပြည့်မီရေး အထောက်အကူဖြစ်စေရန်အတွက် ဒေသအတွင်းနေထိုင်သည့် ဒေသခံပြည်သူများမှလည်း အမျိုးသားရေးတာဝန်တစ်ရပ်အရ ၂၀၀၂ခုနှစ်မှစတင်၍ မြန်မာ့နစ်ရှည်ပင်လုပ်ငန်းမှ မျိုးစပ်ထုတ်လုပ်သည့် ဆီအုန်းစပ်မျိုးစေ့ ၁၆၀၀၀၀ မှရရှိသည့် ရှင်သန်ပျိုးပင် ၁၄၈၉၆၅ ပင်နှင့် ပုဂ္ဂလိက ဆီအုန်းခြံရှင်ငယ်များမှလည်း တစ်တပ်တစ်အား စိုက်ပျိုးသည့်အတွက် ၂၀၀၃ ခုနှစ်တွင် ဒေသအသီးသီး၌ တစ်အုပ်တစ်မ စိုက်ခင်းများအဖြစ် ၃၂၆၃ ဧက တိုးမြှင့်ပေါ်ထွက်ခဲ့ရာ ယနေ့အထိ ၇၉၃၅ ဧက ရှိပြီဖြစ်သည်။

ဆက်လက်၍ တနင်္သာရီတိုင်းအတွင်း ဆီအုန်းတိုးချဲ့စိုက်ပျိုးရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်မှာ မြိတ်ခရိုင်တွင် အေးရှားဝေါ၊ ထားဝယ်ခရိုင်တွင် စကီးစတုန်း၊ ကော့သောင်းခရိုင်တွင် တောင်ဒဂုံ၊ ယုဇန၊ အောင်ဇင်မာ၊ ပိုကောင်း၊ ဒဂုံတင်းဘား၊ အက်စ်အိုင်၊ တက်နေကုမ္ပဏီတို့ဖြစ်ပြီး ၎င်းဆီအုန်း ကုမ္ပဏီကိုးခုသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ငါးနှစ်ကာလအတွင်း၌ နောက်ထပ်ဆီအုန်း စုစုပေါင်း ဧက ၆၆၁၂၇ ဧက ထပ်မံစိုက်ပျိုးမည်ဖြစ်ကြောင်းကို ၇-၅-၂၀၀၃ ခုနှစ် ဆီအုန်းလုပ်ငန်းရှင်များ ညှိနှိုင်းအစည်းအဝေး၌ ဆုံးဖြတ်ထားကြသည်။

သို့ဖြစ်၍ မိမိတို့သတင်းအဖွဲ့သည် **တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးဖြစ်ရမည်၊ ဆီအုန်းဖြင့် စားသုံးဆီဖူလုံရမည်။** ဟူသော ဦးတည်ချက်ဖြင့် တနင်္သာရီတိုင်း၏ ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော အေးရှားဝေါလ်အင်တီဂရိတ်တက်ဖင်းစ် ကုမ္ပဏီလီမိတက် တည်ရှိရာ မြိတ်မြို့သို့ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်နေ့က မြန်မာ့လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

ထိုနေ့တွင်ပင် မြိတ်မြို့နယ် မြိတ်-တနင်္သာရီကားလမ်း မိုင်တိုင်အမှတ် ၂၈ မဇောကျေးရွာအုပ်စု၊ ခုံမော် ကျေးရွာရှိ စီမံကိန်းခြံသို့ သွားရောက်လေ့လာခဲ့သည်။

စီမံကိန်းခြံ ရှင်းလင်းဆောင်တွင် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်နေမှုကို မန်နေဂျာ ဦးဝဏ္ဏက မြေပုံကားချပ်များနှင့် ရှင်းပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးဖြစ်ရမည် လမ်းညွှန်မှုပြုခဲ့ပြီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ဦးဆောင်သော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ၏ ၄-၂-၉၉ မှ ၁၀-၂-၉၉ နေ့ရက်အထိ တနင်္သာရီတိုင်း ခရီးစဉ်တွင် လုပ်ငန်းရှင်ကြီးများအား ဆီအုန်းစီမံကိန်းကြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြေယာဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခွင့်များ ခွင့်ပြုပေးခဲ့သဖြင့် မိမိတို့ အေးရှားဝေါ ကုမ္ပဏီလီမိတက်သည် ၂၀၀၀-၂၀၀၁ မှ ၂၀၀၄-၂၀၀၅ ခုနှစ်ထိ ငါးနှစ်စီမံကိန်းတွင် ဆီအုန်း ဧက ၄၁၀၀ကို မြိတ်မြို့နယ်တွင် စီမံကိန်းရေးဆွဲ စိုက်ပျိုးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြောင်း။

စီမံကိန်းမန်နေဂျာရုံးကိုအမှတ်(၁၇၇)ကန်ဖျားလမ်းမကြီး မြိတ်မြို့၌ ဖွင့်ထားပြီး စိုက်ပျိုးရေး စီမံကိန်းတည်ရာသည် မြိတ်-တနင်္သာရီ ကားလမ်းမ မိုင်တိုင်အမှတ် ၂၈ မဇောကျေးရွာအုပ်စု၊ ခုံမော်ကျေးရွာနှင့် တုံးဗျောကြီးကျေးရွာအုပ်စု၊ တုံးဗျောကြီးကျေးရွာ (ငါးရံ့အင်း)တွင် ဖြစ်ကြောင်း စီမံကိန်းလျာထားချက်မှာ ၂၀၀၀-၂၀၀၁နှစ်တွင် ဧက ၁၀၀၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ဧက ၁၀၀၀၊ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဧက ၂၀၀၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဧက ၂၀၀၀၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဧက ၈၀၀၊ ခုံမော်၊ တုံးဗျောကြီး၊ တုံးဗျောငယ်၊ ငါးရံ့အင်း၊ ငရုတ်ပင်တောင့်နှင့် သရဝဏ် ဒေသတို့တွင် စိုက်ပျိုးရန်ဖြစ်ကြောင်း။

